# ကြေးမုံ
The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ကောင်းမှုပွားများခြင်းက**
**နှစ်တန်သောဘဝ ချမ်းသာစေတတ်**

ကောင်းမှုကိုအကယ်၍ တစ်ကြိမ်တစ်ခါ ပြုမိလျှင် ထိုကောင်းမှုကို ထပ်ခါထပ်ခါ ပြုရာ၏၊ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏၊ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)


၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်၊ စနေနေ့။ Saturday, 2 December 2023 ၁၁၂၉၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## စိန်ရတုကိုကျော်လွန်ခဲ့ပြီဖြစ်သော ပုဂံမြို့က ဦးဘငြိမ်း မြန်မာ့လက်မှုယွန်းထည်လုပ်ငန်း

ညောင်ဦး ဒီဇင်ဘာ ၁

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး MSME လုပ်ငန်းများ၏ ကုန်ထုတ်လုပ်ခြင်းများ တိုးတက်အောင် အားပေးမြှင့်တင်ဆောင်ရွက်မှုနှင့်အတူ ပြည်တွင်းထွက်ကုန်ကြမ်းများကို အခြေခံ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဒေသအသီးသီးတွင် ဒေသတစ်ခု၊ ထုတ်ကုန်တစ်ခု အစီအစဉ်ဖြင့် ကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်နေသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်း ၃၇၈ ခုအနက် ညောင်ဦးမြို့နယ် ပုဂံမြို့သစ်ရှိ ဦးဘငြိမ်းမြန်မာ့လက်မှုယွန်းထည် လုပ်ငန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ စာမျက်နှာ ၅ ကော်လံ ၁ သို့ ❂



## ဆောင်းမတ်ပဲများ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်း

မန္တလေး ဒီဇင်ဘာ ၁

၂၀၂၄ ခုနှစ် ပဲရာသီအတွက် အစောဆုံးထွက်ရှိလာသည့် ပေါ်ဦးပေါ်ဖျား ဆောင်းမတ်ပဲများ မန္တလေးဈေးကွက်အတွင်း စတင်ဝင်ရောက်လာကာ အရောင်းအဝယ်များ ကောင်းမွန်နေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ ဆောင်းမတ်ပဲသီးနှံမှာ ဈေးကွက်အတွင်းသို့ နိုဝင်ဘာလကုန်မှ စတင်ဝင်ရောက်လာပြီး အထွက်နှုန်းနှင့် အရည်အသွေးပိုင်း ကောင်းမွန်လျက်ရှိသည့်အပြင် အရောင်းအဝယ်များလည်း ကောင်းမွန်လျက်ရှိကြောင်း ပြီးခဲ့သည့်နှစ်ကာလတူရာသီ အဖွင့်ဈေးတွင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ယခုနှစ်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀ အဖွင့်ဈေးဖြင့် အရောင်းအဝယ်များ ကောင်းမွန်နေကြောင်း မန္တလေးမြို့မှ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒

**ယနေ့ ဖတ်စရာ**

### (၅/၂၀၂၃)ကြိမ်မြောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးက စက်မှုကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍတို့တွင် လုပ်ငန်းသစ် သုံးခုကို ခွင့်ပြု

စာမျက်နှာ » ၅

### ဂုဏ်ပြုထိုက်ပေ့ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့



ဆောင်းပါး
စာမျက်နှာ » ၆

### အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ ၁၆ ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနား ကျင်းပ

စာမျက်နှာ » ၁၁

ကြေးမုံ

# ညီညွတ်မှုဖြင့် နိုင်ငံကို ဝိုင်းဝန်းတည်ဆောက်

ကမ္ဘာပေါ်ရှိ နိုင်ငံများသည် မိမိနိုင်ငံကို ဖွံ့ဖြိုးတိုးတက်ရမည်၊ မိမိလူမျိုးဘဝ မြင့်မားလာရမည်ဟူသည့် ခံယူချက်ဖြင့် မိမိနိုင်ငံကို ညီညီညွတ်ညွတ် ဝိုင်းဝန်းတည်ဆောက်ခဲ့ကြသည်။ နိုင်ငံအများစုတွင် အယူအဆ၊ ယုံကြည်ချက်၊ သဘောကွဲလွဲမှုတို့ကို အကြောင်းပြု၍ ပဋိပက္ခအမျိုးမျိုးကြုံတွေ့ခဲ့ရသည်။ အချို့ဆိုလျှင် ပဋိပက္ခများကြောင့် နိုင်ငံတစ်ခုလုံး ပြာပုံဘဝရောက်ရှိခဲ့ပြီးမှ စည်းလုံးညီညွတ်မှုကို ပြန်လည်တည်ဆောက်၍ နိုင်ငံ ပြန်လည်ဦးမော့လာအောင် တစ်စိတ်တစ်ဝမ်းတည်း ဝိုင်းဝန်းကြိုးပမ်းခဲ့ကြသည်။

စည်းလုံးညီညွတ်မှု စုပေါင်းစွမ်းအားဖြင့် နိမ့်ကျပျက်စီးခဲ့သောနိုင်ငံကို တိုးတက်ဖြစ်ထွန်းတောက်ပြောင်လာအောင် ကြိုးပမ်းအားထုတ်ခဲ့သည့်နိုင်ငံများကို အနီးပတ်ဝန်းကျင်တွင်ပင် တွေ့မြင်နိုင်သည်။ အတိတ်ကဖြစ်ခဲ့သော ဆိုးမွေများကို သင်ခန်းစာယူ၍ အနာဂတ်မျိုးဆက်များလက်ထက်တွင် ဤသို့မဖြစ်အောင် ပြည်ထောင်သားအချင်းချင်း စိတ်ဝမ်းမကွဲတော့ဘဲ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် နိုင်ငံကို မြင့်သထက်မြင့်အောင် ဝိုင်းဝန်းတည်ဆောက်နေကြသည်။ မြန်မာနိုင်ငံအနေဖြင့် အတိတ်ကဖြစ်စဉ်များကို သင်ခန်းစာမယူနိုင်သေးသည်ကို တွေ့မြင်နေရသည်။

နိုင်ငံတော်ကို ပိုမိုကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်ရာ၌ အစိုးရတစ်ရပ်တည်း ဆောင်ရွက်နေ၍ ရည်မှန်းချက်ပန်းတိုင်သို့ ဆောလျင်စွာရောက်ရှိမည်မဟုတ်ပေ။ အစိုးရနှင့်အတူ ပြည်သူများက ဆိုင်ရာကဏ္ဍများမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြပါမှ ရည်မှန်းချက်သို့ အလျင်အမြန်ရောက်ရှိမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးမရမီကတည်းက ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများမှာ ယနေ့ထက်တိုင်အောင် ဖြစ်ပွားနေဆဲဖြစ်သည်။ ပဋိပက္ခများကြောင့် တိုင်းပြည်မှာ ရှေ့မတက်နိုင်ဘဲ နောက်ကျကျန်နေရသည်။ ဤသို့ ပဋိပက္ခများနှင့်ဆက်သွားနေလျှင် တိုင်းပြည်ကို မည်သူတာဝန်ယူသည်ဖြစ်စေ အဆိုးသံသရာတွင်သာ လည်နေမည်ဖြစ်သည်။

ထို့ကြောင့် တိုင်းပြည်အတွက် အားလုံးစည်းလုံးညီညွတ်ကြရမည်ဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများကြောင့် သေကျေဒဏ်ရာရ ပျက်စီးဆုံးရှုံးမှုများသည် မိမိတို့တိုင်းရင်းသားအချင်းချင်းပင်ဖြစ်၍ ဝမ်းမြောက်စရာအကြောင်းမရှိပေ။ ဝမ်းနည်းစိတ်မကောင်းစရာများပင်ဖြစ်သည်။ ယင်းကို မစားရဝခမန်း ဝမ်းမြောက်နေကြသူများ၊ မဟုတ်မမှန် လုပ်ကြံသတင်းများဖြင့် မပျက်စီး ပျက်စီးအောင် အားထုတ်နေသူများသည် တိုင်းပြည်ကို ဖျက်ဆီးနေသည့် အမျိုးသားသစ္စာဖောက်များပင် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော ပဋိပက္ခများ အဆုံးမသတ်နိုင်သည့် အကြောင်းရင်းများတွင် သမိုင်းကြောင်းတစ်လျှောက်၌ ပြည်ပမှ နှောင့်ယှက်မှုအမျိုးမျိုးကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် အနောက်နယ်ချဲ့တို့၏ ကိုလိုနီပြုမှုကြောင့် ကျွန်ဘဝရောက်ခဲ့ပြီးဖြစ်သည်။ မြန်မာမျိုးချစ်များက ကျွန်ဘဝမှ လွတ်မြောက်အောင် အသက်သွေးချွေးပေးဆပ်ပြီး လွတ်လပ်ရေးအရယူခဲ့သည်။ လွတ်လပ်ရေးရရှိပြီးသော်လည်း အဆိုပါ အနောက်နယ်ချဲ့များက တိုင်းပြည်ပျက်စီးအောင် ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ ပြည်ပတွင် အခြေချနေထိုင်သည့် မြန်မာနိုင်ငံဖွား တိုင်းဖျက်ပြည်ဖျက်ဆန့်ကျင်ရေးသမားများ၊ အနောက်နိုင်ငံ လက်ဝေခံပြည်ဖျက်မီဒီယာများက ပုံကြီးချဲ့ကား၊ ကောလာဟလ သွေးထိုးလှုံ့ဆော် မြှောက်ပင့်ပေးမှုများဖြင့် တိုင်းပြည်ပျက်စီးအောင် လုပ်ဆောင်လျက်ရှိသည်။

နွားကွဲလျှင် ကျားဆွဲပြီး ပျက်စီးရသကဲ့သို့ မြန်မာလူမျိုးအချင်းချင်း စည်းလုံးညီညွတ်မှုမရှိသရွေ့ ပြည်ပမှ သွေးခွဲပြီး နိုင်ငံသားအချင်းချင်း ပျက်စီးအောင် လုပ်ဆောင်မှုများရှိနေမည်ဖြစ်သည်။ စည်းလုံးညီညွတ်မှုမရှိသဖြင့် ဖြစ်ပေါ်လာသည့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ဆုံးရှုံးပျက်စီးမှုများ၊ ဖွံ့ဖြိုးမှုနောက်ကျခဲ့ရမှုများကို ခံစားကြရသည်မှာ မြန်မာနိုင်ငံသားများပင်ဖြစ်သည်ကို သေချာစွာ ရှုမြင်ဆင်ခြင်ပြီး အချင်းချင်းစိတ်ဝမ်းမကွဲပြားဘဲ စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်၍ မိမိနိုင်ငံအကျိုးစီးပွားကို ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရန် အချိန်ကျရောက်နေပြီဖြစ်သည်။

မြန်မာနိုင်ငံကို ဖျက်ဆီးနေကြသူများသည် လူတစ်စု၊ တစ်ဖွဲ့သာဖြစ်သည်။ ဖျက်ဆီးခံနေရသူများသည် နိုင်ငံသားအများစုဖြစ်သည်ကို သတိမူရမည်ဖြစ်သည်။ အဓိကမှာ တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်မှုသာဖြစ်ပြီး ပြည်သူများ တွေဝေဝေဝါး စည်းလုံးညီညွတ်မှုပျက်ပြားအောင် လုပ်ဆောင်နေသည့် ကောလာဟလသတင်းများ၊ မဟုတ်မမှန်သတင်းများ၊ လုပ်ကြံဖန်တီးသတင်းများကို သတိပြုရမည်ဖြစ်သည်။ ပြည်သူများ တွေဝေဝေဝါး ညီညွတ်မှုပျက်ပြားနေပါက အဆိုးသံသရာ ဆက်လက်ရှည်ကြာပြီး တိုင်းပြည်ကို ကောင်းသထက်ကောင်းလာအောင် လုပ်ဆောင်နိုင်မှုလျော့ပါးကာ တိုင်းပြည်နှင့်လူထု နစ်နာဆုံးရှုံးမှုများ ဆက်လက်ဖြစ်ပေါ်နေမည်ကို သတိပြုရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ပမှ ဝင်ရောက်စွက်ဖက်မှုရှိနေသရွေ့ မညီညွတ်မှုများနှင့် ပဋိပက္ခများလည်း ရှိနေမည်ဖြစ်ရာ အဓိကမှာ တိုင်းရင်းသားပြည်သူများအနေဖြင့် မိမိနိုင်ငံကို အပျက်စီးမခံလိုသည့် နိုင်ငံချစ်စိတ်ဖြင့် စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ထားကြရမည်ဖြစ်ပါကြောင်း၊ စည်းလုံးညီညွတ်မှုကို ပျက်ပြားစေမည့် ဖျက်ဆီးနှောင့်ယှက်မှုများကိုဖယ်ရှား၍ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့။

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၇-၁၂-၂၀၂၃)

## ၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားအားလုံး၏ ညီညွတ်သော စုပေါင်းအင်အားဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

★ လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ် အကောင်အထည်ဖော်ဆောင်ရေး။

★ ဗလငါးတန်နှင့် ပြည့်စုံသည့် မျိုးချစ်စိတ်ရှိသော လူငယ်များ ပြုစုပျိုးထောင်ရေး။

★ စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရေး။

## နည်းပညာတက္ကသိုလ် (တောင်ငူ)၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

တောင်ငူ ဒီဇင်ဘာ ၁

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်ရှိ နည်းပညာတက္ကသိုလ် (တောင်ငူ)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ယနေ့ နံနက်ပိုင်းက တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



ဦးစွာ နည်းပညာတက္ကသိုလ် (တောင်ငူ) ဒုတိယပါမောက္ခချုပ် ဒေါက်တာတင်ဝင်းမွန်က ပညာသင်ယူစဉ်ကာလအတွင်း မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယထား၍ အားသွန်ခွန်စိုက်ကြိုးစားကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ သင်တန်းရေးရာဌာနမှူးက ဘာသာရပ်ခွဲဝေခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး သင်တန်းခြောက်ခုမှ ဌာနမှူးများက တစ်ဦးချင်းမိတ်ဆက်၍ ဘာသာရပ်အကြောင်းကို မိတ်ဆက်ပြောကြားသည်။

အဆိုပါ တက္ကသိုလ်တွင် အင်ဂျင်နီယာသင်တန်းခြောက်ခု၊ စာပေပညာဌာနများနှင့် ဘာသာစကားဌာန စသည့်ဌာနများဖြင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် သင်တန်းနှစ်တွင် ကျောင်းသားကျောင်းသူ စုစုပေါင်း ၉၁၆ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ခရိုင်(ပြန်/ဆက်)

သင့်စီးပွားရေး လုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁-၁၂-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၁၂၈ | ၁,၁၁၃,၆၀၀ |
| MTSH | ၂,၈၅၀ | ၂,၉၀၀ | ၇၄၁ | ၂,၁၁၃,၈၅၀ |
| MCB | ၇,၁၀၀ | ၇,၁၀၀ | ၀ | ၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၁၆၀ | ၂၄၈,၀၀၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၀ | ၀ |
| EFR | ၂,၀၀၀ | ၂,၀၅၀ | ၄၁၀ | ၈၂၀,၅၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၀ | ၄၉,၀၀၀ |
| MAEX | ၁,၆၅၀ | ၁,၇၀၀ | ၅၉၂ | ၉၇၆,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ၏ ( ၂ / ၂၀၂၃ )အစည်းအဝေးသို့ တက်ရောက်



နေပြည်တော် ဒီဇင်ဘာ ၁

ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ (၂/၂၀၂၃)အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင် ထိန်းသိမ်းရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ကော်မတီဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၊ ပြည်တွင်းပညာရှင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် ညောင်ဦးခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ပုဂံကမ္ဘာ့အမွေအနှစ်ဒေသသည် ရှေးဟောင်းအဆောက်အအုံ စုစုပေါင်း ၃၈၃၇ ဆူကို တစ်နေရာတည်းတွင် တစုတဝေးတည်းတွေ့ရသည့် မြန်မာတစ်မျိုးသားလုံး၏ တန်ဖိုးမဖြတ်နိုင်သည့် တစ်ခုတည်းသော ဒေသတစ်ခုဖြစ်သကဲ့သို့ အဆိုပါယဉ်ကျေးမှုအမွေအနှစ်များကြောင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဒေသအဖြစ် ထိုက်ထိုက်တန်တန် ရရှိထားသည့် ဒေသလည်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အဖိုးထိုက်တန်သည့် နယ်မြေဖြစ်သကဲ့သို့ နိုင်ငံတကာက အထူးစိတ်ဝင်စားသည့် ယဉ်ကျေးမှုအမွေအနှစ်နယ်မြေလည်း ဖြစ်ပါကြောင်း။

၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် လှုပ်ခတ်ခဲ့သည့်မြေလျင်ကြောင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသတွင်ရှိသည့် ရှေးဟောင်း အဆောက်အအုံပေါင်း ၃၈၉ ဆူ ထိခိုက်ပျက်စီးခဲ့ပါကြောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ပုဂံနှင့် အနီးတစ်ဝိုက်လှုပ်ခတ်ခဲ့သည့် ငလျင်အကြိမ်စုစုပေါင်း ၂၂ ကြိမ် ရှိခဲ့သည်ကိုလည်း လေ့လာသိရှိရပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်ပူးပေါင်း၍ ပြုပြင်ထိန်းသိမ်းရေး စီမံဆောင်ရွက်နေသည့် သဗ္ဗညုဘုရားကြီး တစ်ဆူမှလွဲ၍ ကျန်ရှိသည့် ဘုရား ၃၈၈ ဆူအားလုံးကို ပထမအဆင့် ပြုပြင်ထိန်းသိမ်းမှုဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ သဗ္ဗညုဘုရားကြီး၏ ကြံ့ခိုင်မှုအနေဖြင့် တရုတ်ပညာရှင်အဖွဲ့က ကနဦးပြုပြင်ထိန်းသိမ်းရေး စီမံဆောင်ရွက်ထားသည့် အခြေအနေအတိုင်း ထပ်မံပြိုပျက်မှု၊ လှုပ်ရှားမှု၊ ထူးခြားမှုမရှိသည်ကို သိရှိရပါကြောင်း၊ သဗ္ဗညုဘုရားကြီး၏ ပထမအဆင့် အရေးပေါ်ထိန်းသိမ်းမှု ဆောင်ရွက်ပြီးစီးပြီဖြစ်ပါကြောင်း။

**စနစ်တကျ ဆောင်ရွက်နိုင်ခဲ့**

ထို့ပြင်၂၀၁၆ ခုနှစ် ငလျင်ဒဏ်ခံ အထက်ပါ ရှေးဟောင်းအဆောက်အအုံများအပြင် မြေပြင်ကွင်းဆင်း စစ်ဆေးတွေ့ရှိချက်များ အရ ပြုပြင်ထိန်းသိမ်းရန် လိုအပ်သည့် ရှေးဟောင်း အဆောက်အအုံ အဆူ ၁၁၀ ကို လည်းကောင်း၊ ထိခိုက်ပျက်စီးနိုင်သည့်ရှေးဟောင်းအဆောက်အအုံ ၄၁ ဆူကိုလည်းကောင်း၊ ၂၀၂၁ ခုနှစ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထိခိုက်မှုရှိခဲ့သည့် ရှေးဟောင်းအဆောက်အအုံ အဆူ ၆၀ ကိုလည်းကောင်း၊ မိုခါမုန်တိုင်းအရှိန်ကြောင့် ထိခိုက်မှုရှိခဲ့သည့် ရှေးဟောင်းအဆောက်အအုံ ၅၉ ဆူကို လည်းကောင်း အရေးပေါ်တုံ့ပြန်ပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျ အလျင်အမြန်ဆောင်ရွက်နိုင်ခဲ့သည်ကိုလည်း သိရှိရပါကြောင်း။

ထို့ပြင် မိုခါမုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေဝပ်မှုဖြစ်ပေါ်ခဲ့သည့် ရှေးဟောင်းအဆောက်အအုံ ၁၅ ဆူကိုလည်း မြေပြင်ကွင်းဆင်းတိုင်းတာ သုတေသနပြုလုပ်ပြီး ထပ်မံရေဝပ်ခြင်းများ မဖြစ်ပေါ်စေရေးအတွက် လိုအပ်သည့် ကာကွယ်ရေး လုပ်ငန်းများနှင့် ပြုပြင်ထိန်းသိမ်းရေးများကိုဆောင်ရွက်လျက်ရှိပြီး ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်းတွင် တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းလက်ရာများကို ထိန်းသိမ်းသည့်နေရာတွင် စနစ်တကျဖြင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန်လိုအပ်ပြီး သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်ချိန်တွင် ရေဝင်၊ ရေဝပ်မှုများ မရှိစေရေးနှင့် ထိခိုက်ပျက်စီးမှုများ မရှိစေရေး လိုအပ်သည့် ပြုပြင်ဆောင်ရွက်မှုများကို တာဝန်ရှိသူများက စိစစ်ဆောင်ရွက်သွားရန် လိုအပ်သည်ကို လမ်းညွှန်မှာကြားခဲ့ပါကြောင်း။

ထို့ပြင် မိုးကြိုးလျှပ်စီးကြောင့် ဘုရား၊စေတီများ ထိခိုက်မှုမရှိစေရန်အတွက် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်းရှိ ဘုရား ၁၁ ဆူတွင် မိုးကြိုးလွှဲတပ်ဆင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည့်အတွက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် မှာကြားလိုပါကြောင်း၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက သဗ္ဗညုဘုရားကြီး ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံအစိုးရနှင့် MoU ရေးထိုးခဲ့ပြီး စီမံကိန်းကာလ ကိုးနှစ်လျာထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

အိန္ဒိယနိုင်ငံ ASI (Archaeological Survey of India) အဖွဲ့အနေဖြင့်လည်း ၂၀၁၈ ခုနှစ်မှ ၂၀၂၈ ခုနှစ်အထိ ၁၀ နှစ် စီမံကိန်းဖြင့် ရှေးဟောင်း အဆောက်အအုံပေါင်း ၉၂ ဆူ ပြုပြင်ထိန်းသိမ်းရန် MoU ရေးထိုး ဆောင်ရွက်လျက်ရှိပါကြောင်း။

**လမ်းညွှန်မှာကြားခဲ့**

နိုင်ငံတော်ဝန်ကြီးချုပ် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေသွားရောက်ခဲ့သည့် ခရီးစဉ်တွင် မြန်မာ့ဗိသုကာပညာရပ်သည် ရှေးယခင်ကတည်းကပင် အရည်အသွေး မြင့်မားခဲ့ကြောင်း၊ ထို့ကြောင့် တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းလက်ရာများကို ထိန်းသိမ်းရာတွင် စနစ်တကျနှင့်ရေရှည်တည်တံ့အောင်ထိန်းသိမ်းရန်လိုအပ်ပြီး သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများ မရှိစေရေး လိုအပ်သည့် ပြုပြင်ဆောင်ရွက်မှုများကို တာဝန်ရှိသူများက အမြဲမပြတ် စစ်ဆေးဆောင်ရွက်နေရမည်ဟု လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ အဆိုပါ လမ်းညွှန်မှာကြားချက်များကို တာဝန်ရှိသူအဆင့်ဆင့်က အလေးအနက်ထားလိုက်နာဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းဘုရား၊စေတီ၊ ပုထိုးများနှင့် သာသနိကအဆောက်အအုံများကို ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲအခြေအနေ၊ ပြည်တွင်း/ပြည်ပ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ ရန်ပုံငွေများ စနစ်တကျ စီမံခန့်ခွဲမှု၊သုံးစွဲမှုအခြေအနေ၊မိုခါမုန်တိုင်း ရိုက်ခတ်မှုကြောင့် မိုးရွာသွန်းမှုများပြားပြီး ရေဝင်ရောက်မှု၊ ပျက်စီးမှုအချို့ သက်ရောက်ခဲ့သည့် ဘုရား၊ ပုထိုးများ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးစီးကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဦးစီးကော်မတီအတွင်းရေးမှူး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ဦးစီးကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပုဂံ ကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်နေမှုအခြေအနေများနှင့်ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ❒ ဆောင်းမတ်ပဲများမှ

စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

"ဆောင်းမတ်ပဲသစ်တွေက ဒီလနောက်ဆုံးပတ်ကစပြီး မန္တလေးဈေးကွက်ကို စတင်ဝင်ရောက်နေတာပါ။ ပေါ်ဦးပေါ်ဖျားအနေနဲ့ ဒီနှစ်မှာ အလုံးအဖန်ကောင်း၊ အရည်အသွေးကောင်းမွန်တဲ့ မတ်ပဲတွေဝင်ရောက်လာတာပါ။ ဒီနှစ်ကစတင်ထွက်ရှိကတည်းက အရောင်းအဝယ်တွေကောင်းနေပါတယ်။ ဆောင်းမတ်ပဲက ဒီနှစ်မှာ ပိုးမွှားလည်းဖျက်ဆီးမှုမရှိဘူး၊ ရာသီဥတုကလည်း မျှတတာနဲ့ကြုံတွေ့ရလို့ မတ်ပဲအထွက်ကောင်းတယ်။ မတ်ပဲက အထက်ပိုင်းဒေသတွေမှာ သီးထပ်အနေနဲ့စိုက်ပျိုးလို့ရတယ်။ အောက်ပိုင်းဒေသတွေမှာတော့ တစ်နှစ်ကိုဆောင်းသီးနှံအနေနဲ့ တစ်ရာသီပဲစိုက်တယ်။ ဒီနှစ်မတ်ပဲသီးနှံက နှစ်ပတ်လောက်စောပြီးထွက်လာတယ်။ ပြီးခဲ့တဲ့နှစ်က ဒီဇင်ဘာလအတွင်းမှာထွက်တယ်။ မတ်ပဲကို အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ အိန္ဒိယက အဓိကထားဝယ်ယူပါတယ်။ မတ်ပဲကပြည်ပပို့ကုန်ထဲမှာ ဝင်ငွေအများဆုံးရရှိတဲ့သီးနှံဖြစ်တယ်"ဟု ၎င်းကပြောသည်။

လက်ရှိမန္တလေးပဲဈေးကွက်သို့ ဆောင်းမတ်ပဲများ စတင်ဝင်ရောက်လာသည့်ဒေသများမှာ မတ္တရာ၊ စဉ့်ကူးနယ်များဖြစ်ကြောင်း၊ ဆက်လက်ပြီး ဈေးကွက်အတွင်းသို့ မုံရွာ၊ ရွှေဘို၊ ပခုက္ကူ၊ မြင်းခြံဒေသများကလည်း မကြာမီတွင် လှိုင်လှိုင်ထွက်ရှိလာတော့မည်ဖြစ်ကြောင်း၊ မတ်ပဲကို မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၌ ဩဂုတ်လအတွင်း စတင်စိုက်ပျိုးကာ ဇန်နဝါရီလအတွင်း၌ လှိုင်လှိုင်ပေါ်ထွက်လေ့ရှိပြီး၊ မြန်မာနိုင်ငံအောက်ပိုင်းဒေသများဖြစ်သည့် ဧရာဝတီ၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီနှင့် မတ်လအတွင်း၌ လှိုင်လှိုင်ထွက်ပေါ်လေ့ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ သတ္တမအကြိမ်အစည်းအဝေး တက်ရောက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ သတ္တမအကြိမ်အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ သတ္တမအကြိမ်အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသား ယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက် အမှာစကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် Jeng Phang နော်တောင်၊ မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ အကြံပေးပုဂ္ဂိုလ် ဦးကိုကို၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကော်မတီဝင်ပညာရှင်များ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မြန်မာ့ရှေးဟောင်းမြို့ပြ နိုင်ငံများတွင် တွေ့ရှိခဲ့သည့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ် အထောက်အထားများ၊ စာပေအထောက်အထားများနှင့် အိမ်နီးချင်းနိုင်ငံများ၏ ခေတ်ပြိုင်မှတ်တမ်းများအရ မြန်မာလူမျိုးများသည် ရှည်လျားသည့် သမိုင်းကြောင်း တစ်လျှောက်တွင် ဘာသာစကားဆိုင်ရာ အဆုံးအမများ၊ အဆင့်အတန်းမြင့်မားသည့် ယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ သိမ်မွေ့နက်နဲသည့် အနုသုခုမပညာရပ်များဖြင့် ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုတစ်ခုကို ခြေခြေမြစ်မြစ် ထူထောင်ခဲ့ကြပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစွာ နေထိုင်လာခဲ့ကြသည့် လူမျိုးအဖြစ် ခိုင်မာစွာ တွေ့ရှိရပါကြောင်း။

**ပျူမြို့ဟောင်း သုံးမြို့**

မြန်မာနိုင်ငံတွင်ရှိသည့် ဒြပ်ရှိ/ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို မိမိတို့နိုင်ငံသားအားလုံးက အမျိုးသားရေးအသိ၊ အမျိုးသားရေးတာဝန်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒြပ်ရှိယဉ်ကျေးမှု အမွေအနှစ်များထဲမှ အစောဆုံးယဉ်ကျေးမှု ထွန်းကားခဲ့သည့် ပျူမြို့ဟောင်း သုံးမြို့ဖြစ်သော ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာနှင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသတို့သည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံခဲ့ရပြီး ဖြစ်ပါကြောင်း၊ ထို့ပြင် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်စေရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် ဒေသ ၄၈ ခုကို ဥပဒေနှင့်အညီ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါကြောင်း၊ မိမိတို့ ဗဟိုကော်မတီကလည်း မူဝါဒချမှတ်ပေးခြင်း၊ နယ်မြေအပိုင်းအခြားများ သတ်မှတ်ပေးခြင်း၊ ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် ရှေးဟောင်းနေရာများ၊ ရှေးဟောင်းအဆောက်အအုံများနှင့် ရှေးဟောင်းပစ္စည်းများကို မပျောက်ပျက်၊ မဆုံးရှုံးရအောင် လိုအပ်သလို လမ်းညွှန်ကြီးကြပ်ပေးလျက်ရှိပါကြောင်း၊ ဒြပ်ရှိ၊ ဒြပ်မဲ့များ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းအသေးများနှင့် မရွှေ့ပြောင်းနိုင်သည့် အဆောက်အအုံကြီးများအပြင် ကျယ်ပြန့်ပြီး အဆောက်အအုံ များစွာရှိသည့် ရှေးဟောင်းဒေသများကိုပါ ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်နိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

**ပြတိုက်များ အဆင့်မြှင့်တင်ရေး**

ပြတိုက်များသည် နိုင်ငံ၏ သမိုင်း၊ ယဉ်ကျေးမှုနှင့် အဆင့်အတန်းကို ဖော်ပြနိုင်ရုံသာမက မျိုးဆက်သစ်များကိုပါ အသိပညာပေးသည့်နေရာများ ဖြစ်သည့်အတွက် ပြတိုက်များ အဆင့်မြှင့်တင်ရေး၊ ထိထိရောက်ရောက် ပညာပေးနိုင်ရေးနှင့် ပုဂ္ဂလိကပြတိုက်များ တည်ထောင်ဖွင့်လှစ်နိုင်ရန်အတွက်လည်း မူဝါဒချမှတ်လမ်းညွှန် အားပေးလျက်ရှိပါကြောင်း၊ လိုအပ်နေသေးသည့် မြန်မာနိုင်ငံ ပြတိုက်များဥပဒေ ပြဋ္ဌာန်းနိုင်ရန်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုသုခုမများ၊ တိုင်းရင်းသားရိုးရာအက၊ ဂီတယဉ်ကျေးမှုအနုပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပေးခဲ့သည်မှာ (၂၄) ကြိမ်မြောက်ရှိပြီဖြစ်ပါကြောင်း။

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့၏ မူပိုင်အမျိုးသားယဉ်ကျေးမှုများ မေးမှိန်ပျောက်ကွယ်သွားပါက နိုင်ငံနှင့် လူမျိုးအပေါ် အထင်ကြီးလေးစားမှု လျော့နည်းပြီး အမျိုးသားရေးအားမာန်ခန်းခြောက်လာသည်နှင့် အမျှ နိုင်ငံ၏အချုပ်အခြာအာဏာကို နှောင့်ယှက်ထိပါးလာကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတိုင်းက မိမိတို့၏ ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ၊ အမျိုးသားရေးစံနှုန်းများ မေးမှိန်တိမ်ကောပျောက်ကွယ်သွားခြင်း မရှိရအောင်လည်း အမျိုးသားရေးစိတ်ဓာတ်ခိုင်မြဲအောင် ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်လျက်ရှိနေကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်းကို လမ်းညွှန်အမှာစကား ပြောကြားခဲ့ပြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်သည့် နိုင်ငံဖြစ်သည်နှင့်အညီ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များလည်း ထောင်ပေါင်းများစွာရှိပါကြောင်း၊ ဘာသာစကားများ၊ ပုံပြင်များ၊ ရိုးရာလက်မှုပညာရပ်များ၊ ဓလေ့ထုံးစံများ၊ အနုပညာရပ်များအားလုံးသည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များက စာရင်းကောက်ယူ မှတ်တမ်းတင်ထားသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပေါင်း ၂၂၈၉ ခုကို သတ်မှတ်ထားပြီးဖြစ်ပါကြောင်း။

**ပူးပေါင်းကူညီဆောင်ရွက်**

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် အရေးပါသည့် ဥပဒေများကို ပြဋ္ဌာန်းနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများက ပူးပေါင်းကူညီ ဆောင်ရွက်ပေးကြရန်လည်း တိုက်တွန်းလိုပါကြောင်း၊ ယင်းဥပဒေများကို ပြဋ္ဌာန်းခြင်းဖြင့် ယဉ်ကျေးမှုအမွေအနှစ်များကို ဥပဒေနှင့်အညီ ပိုမိုထိရောက်စွာ ကာကွယ်စောင့်ရှောက်လာနိုင်ပြီး တစ်ဖက်ကလည်း ပြည်သူများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီဖော်ဆောင်လာနိုင်မည်ဖြစ်ပါကြောင်း၊ ထုတ်ပြန်ခဲ့သည့် ဥပဒေ၊ နည်းဥပဒေများကိုလည်း ပြည်သူလူထုအကြား ချပြရှင်းလင်း အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန်လည်း မဖြစ်မနေလိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ဒြပ်ရှိ/ဒြပ်မဲ့ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေး၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ကာကွယ်စောင့်ရှောက်ခြင်းနှင့် စေတီ၊ ပုထိုး စသည့် သာသနိက အဆောက်အအုံများ၊ ဗုဒ္ဓဘာသာဆိုင်ရာ ဘုရားပုထိုးများအား Digital နည်းပညာဖြင့် Directory ပြုလုပ်ဆောင်ရွက်နေမှု အခြေအနေများ၊ ယဉ်ကျေးမှုအမွေအနှစ် ဖော်ထုတ်ထိန်းသိမ်းခြင်းအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဗဟိုကော်မတီ အတွင်းရေးမှူး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲဇံက မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ၏ ဆဋ္ဌမအကြိမ်မြောက်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက မြန်မာနိုင်ငံ၏ ဒြပ်ရှိ၊ ဒြပ်မဲ့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များနှင့် တိုင်းရင်းသားရိုးရာ ဓလေ့ထုံးတမ်းစဉ်လာများ ရှာဖွေဖော်ထုတ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာများ၊ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရောဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ခုခံကျ/ကာလသားရောဂါအကြောင်း အသိပညာပေး

**ပုသိမ် ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃)နှင့် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့(၂၀၂၃)အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ခုခံကျ/ကာလသားရောဂါအကြောင်း ပညာပေးဟောပြောခြင်းကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ချုပ်သူအရာရှိ ဗိုလ်မှူးသန်းဇော်က အဖွင့်အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ခုခံကျ/ကာလသားရောဂါအကြောင်း သိကောင်းစရာများအား အသိပညာပေးဟောပြောခဲ့ရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# (၅/၂၀၂၃) ကြိမ်မြောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးက စက်မှုကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍတို့တွင် လုပ်ငန်းသစ်သုံးခုကို ခွင့်ပြု

**နေပြည်တော် ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၁၈) ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။ အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။



**လုပ်ငန်းသစ်သုံးခုကို ခွင့်ပြု**

အစည်းအဝေးတွင် စက်မှုကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် သုံးခုကို ခွင့်ပြုပေးသည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၈၀ သန်းနှင့် ငွေကျပ် ၃၁၃၀၉၂ ဒသမ ၉၇၀ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းပေါင်း ၇၄၄ ခုကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ယခုအစည်းအဝေးတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ရင်းနှီးမြှုပ်နှံမှု ဦးစားပေးဖိတ်ခေါ်ထားသည့် စိုက်ပျိုးရေး လုပ်ငန်းများလည်း ပါဝင်သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ဒေသပေါင်း ၅၂ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်သော နိုင်ငံ/ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၄၉ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၄၄ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၃၉ ရာခိုင်နှုန်းဖြင့် လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

**ကူညီဆောင်ရွက်ပေးလျက်ရှိ**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုလွှာများအား စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



✪ ရှေ့ဖုံးမှ

ဦးဘငြိမ်းမြန်မာ့လက်မှုယွန်းထည်လုပ်ငန်းကို ၁၉၄၇ ခုနှစ်က စတင်ပြီးလုပ်ကိုင်ခဲ့ရာ ယွန်းလုပ်ငန်းသက်တမ်း ၇၅ နှစ်ကျော်ခဲ့ပြီဖြစ်ပြီး ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများကို အိုးမကွာ အိမ်မကွာ မိသားစုဝင်ငွေတိုး လုပ်ငန်းအဖြစ် ဆောင်ရွက်လုပ်ကိုင်နိုင်ရန် ရည်ရွယ်ပြီး ယွန်းထည်လုပ်ငန်းကို မျိုးဆက်လေးဆက်တိုင် လုပ်ကိုင်နေခြင်းဖြစ်သည်။ လက်ရှိတွင် ဦးဘငြိမ်း၏သမီးဖြစ်သူ အသက် ၈၃ နှစ်အရွယ် အဘွား ဒေါ်ဝင်းမေက ဦးစီးဦးဆောင်ပြုကာ မြန်မာ့လက်မှုယွန်းလုပ်ငန်း တိမ်ကောပပျောက်မှုမရှိရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

ယွန်းထည်ပြုလုပ်ရာတွင် ကုန်ကြမ်းအဖြစ်ပါဝင်သည့် ဝါး၊ သစ်သားများကို စစ်ကိုင်းတိုင်းဒေသကြီးမှ မှာယူရသည်။ သစ်စေးကိုလည်း ပြည်တွင်းကုန်ကြမ်းများသာ အသုံးပြုထုတ်လုပ်ရသည်။ ယွန်းထည်ပြုလုပ်ရာတွင် အဓိကကုန်ကြမ်းသည် ဝါးနှင့် သစ်စေးဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမော်မြို့၊ ကသာမြို့မှလာသည့် သစ်စေးသည် အရည်အသွေးကောင်းမွန်ကြောင်း သိရသည်။ ဦးဘငြိမ်း ယွန်းထည်လုပ်ငန်းအနေဖြင့် ယွန်းထည်ပစ္စည်း အမျိုး ၇၀ ခန့်ထုတ်လုပ်ပြီး ယွန်းဆွမ်းအုပ်၊ ယွန်းလက်ဖက်အုပ်၊ ယွန်းသောက်ရေခွက်၊ ယွန်း ကွမ်းတောင်ပန်းတောင်၊ ယွန်းပန်းအိုးများ အများဆုံး ထုတ်လုပ်ရောင်းချရသည်။ ယွန်းထည်များကို မြန်မာတစ်နိုင်ငံလုံးသို့ အွန်လိုင်းစနစ်ဖြင့် ဖြန့်ဖြူးရောင်းချခြင်းနှင့် ပုဂံဒေသထွက်ကုန်ပစ္စည်းအရောင်းဆိုင်များတွင် ရောင်းချလျက်ရှိပြီး ပြည်ပဧည့်သည်များ အဝင်အထွက်များသည့်ကာလတွင် ယွန်းထည်ပစ္စည်းများ ဝယ်ယူသွားကြခြင်းဖြင့် မြန်မာ့လက်မှုယွန်းထည်များ နိုင်ငံတကာသို့ ရောက်ရှိသွားစေခဲ့သည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ၏ ကုန်ထုတ်လုပ်ခြင်းများ တိုးတက်အောင် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိရာ ချေးငွေထုတ်ချေးခြင်းကို လက်မှုလုပ်ငန်းများအတွက် ပို၍ထုတ်ပေးနိုင်လျှင် ရေရှည်ရပ်တည်နိုင်မည်ဖြစ်ကြောင်း၊ ကုန်ကြမ်းပစ္စည်းများလည်း အလွယ်တကူဝယ်ယူရရှိနိုင်ရန် ဖန်တီးပေးနိုင်လျှင် လက်မှုလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်နိုင်ကြောင်း ဦးဘငြိမ်း ယွန်းထည်လုပ်ငန်းပိုင်ရှင် ဦးအောင်ကျော်ထွန်းက ပြောကြားသည်။ ညောင်ဦးမြို့နယ်ထွက် မြန်မာ့လက်မှု ယွန်းလုပ်ငန်း၊ ပုံးရည်ကြီးလုပ်ငန်း၊ ထန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကာ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက်ပါ အထောက်အပံ့ကောင်းများ ရရှိလာစေမည်ဖြစ်ကြောင်း သိရသည်။

**ကိုဇော်(ခာတု)၊ဒီပါလင်း**

# နယ်စပ်ရေးရာဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအတွက် လုပ်ငန်းခွင်အကြို သင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း လုပ်ငန်းခွင်အကြို သင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးထိန်လင်း တက်ရောက် အမှာစကား ပြောကြားပြီး သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။



နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း) တို့မှ ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ရ ကျောင်းသားကျောင်းသူ ၃၃၄ ဦးအား ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့တွင် အကြီးတန်းစာရေးရာထူးများဖြင့် ခန့်အပ်ပေးခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်မည့် အကြီးတန်းစာရေး ၆၄ ဦးအား လုပ်ငန်းခွင်အကြို သင်တန်းကို နိုဝင်ဘာ ၆ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁**

ရန်ကုန်တိုင်း ဒေသကြီး စမ်းချောင်းမြို့နယ် မီးသတ်ဦးစီးဌာနတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်း (၁/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ယင်းမီးသတ်စခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘဝင်းက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်း၌ဆုရရှိသူများအား ဂုဏ်ပြုဆုများချီးမြှင့်သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးသက်ထွန်းဦးက သင်တန်းသားများအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့သည်။ **တင်ဝင်းတင်**



အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ဂုဏ်ပြုဆောင်းပါး

# ဂုဏ်ပြုထိုက်ပေ့ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့

စိန်ငွေးလှိုင်(ဟိုပုံးမြေ)

"မသန်စွမ်းသူ"ဆိုသော စကားမှာ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်ရှိနေသူကို ခေါ်ဆို၏။ ၎င်းချို့ယွင်းချက်များမှာ လူသားတို့မွေးကင်းစအရွယ် သို့မဟုတ် လူတစ်ဦး၏ နေထိုင်ရှင်သန်ရာကာလအတွင်း ဖြစ်ပေါ်ခံစားရသည်။ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ဉာဏ်ရည်ပိုင်းဆိုင်ရာနှင့် အာရုံခံစနစ်ချို့ယွင်းချက်တို့သည် လူ့အဖွဲ့အစည်းအတွင်း ထိရောက်စွာပါဝင်မှုကို ဟန့်တားစေသည်။ မသန်စွမ်းဆိုသည်ကို အလွယ်တကူ ကောက်ချက်ချရမည်ဆိုလျှင် မျက်စိမမြင်၊ နားမကြားခြင်းနှင့် ခြေလက်အင်္ဂါအစိတ်အပိုင်းများ ပျက်စီးခြင်းတို့ပင် ဖြစ်သည်။ သာမန်မမြင်နိုင်၊ မသိနိုင်သော ဉာဏ်ရည်မမီမှု၊ အာရုံစူးစိုက်မှု အားနည်းမှု၊ စကားမပြောတတ်မှုတို့ကိုလည်း မသန်စွမ်းဟုခေါ်ဆိုနိုင်၏။ ထို့ပြင် ပန်းနာရင်ကျပ်ရောဂါ၊ ဝက်ရူးပြန်ရောဂါ၊ အဆစ်အမျက်ရောင်ရောဂါနှင့် နာတာရှည်ပင်ပန်းနွမ်းနယ်မှု ရောဂါတို့ကိုလည်း မသန်စွမ်းဟုခေါ်ဆိုနိုင်ကြောင်း လေ့လာသိရှိရသည်။

## အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အတည်ပြုသတ်မှတ်

ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက မသန်စွမ်းသူများဆိုင်ရာ ကမ္ဘာ့လုပ်ငန်းစဉ်တွင် မသန်စွမ်းသူများကို ကြိုတင်ကာကွယ်ခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ အပြည့်အဝပါဝင်ခွင့်နှင့် တန်းတူရပိုင်ခွင့်တို့ကို တိုးမြှင့်ရန်အတွက် ပထမဦးဆုံးဖြစ်သည့် "မသန်စွမ်းရပိုင်ခွင့်နည်းဗျူဟာ" တစ်ရပ်အား ၁၉၈၂ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ချမှတ်ခဲ့သည်။ ၁၉၉၂ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင် ကျင်းပသော (၄၇)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီး၏ ဆုံးဖြတ်ချက်အပိုဒ်(၄၇/၃) အရ အဆိုပါဗျူဟာချမှတ်ခဲ့သော ဒီဇင်ဘာလ ၃ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ (International Day of Persons with Disabilities)" အဖြစ် အတည်ပြုသတ်မှတ်ခဲ့သည်။ လူ့အဖွဲ့အစည်းတိုင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုတိုင်းတွင် မသန်စွမ်းသူများအတွက် ချမ်းသာမှုအခွင့်အရေးများကို မြှင့်တင်ပေးရန်ဆိုသည့် ရည်ရွယ်ချက်ကို ထားရှိသည်။ ထို့ပြင် ကုလသမဂ္ဂမသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း (United Nations Convention on The Right Of Persons with Disabilities – UNCRPD)ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ရာ နိုင်ငံပေါင်း ၁၇၅ နိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည်။

မသန်စွမ်းသူများ၏ဘဝတွင် ရင်ဆိုင်တွေ့ကြုံနေရသော အခက်အခဲ အတားအဆီးများ၊ တန်းတူညီမျှရပိုင်ခွင့်များ၊ ပူးပေါင်းလုပ်ဆောင်နိုင်မှုများ စသည့် စိန်ခေါ်မှုများကို လူသားများက လက်တွေ့ကျအောင် ဖြေရှင်းပေးရန် လိုအပ်လျက်ရှိသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းထုတ်ပြန်သော မသန်စွမ်းမှုဆိုင်ရာ အစီရင်ခံစာအရ ကမ္ဘာ့လူဦးရေသန်း ၁၀၀၀ ကျော်သည် မသန်စွမ်းမှုတစ်မျိုးမျိုးကို ခံစားနေရကြောင်း လေ့လာသိရှိရ၏။ ထိုပမာဏကို သတိပြုမိခြင်းကြောင့် ကုလသမဂ္ဂအပါအဝင် ကမ္ဘာ့နိုင်ငံများက မသန်စွမ်းသူများ၏အရေးကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ အလုပ်အကိုင် ခွဲခြားဆက်ဆံရမှုမှာ အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေ၏။ ထို့ကြောင့် တာဝန်ရှိသူများ၊ အစိုးရအဖွဲ့အစည်းများ၊ ကျန်းမာရေးအတတ်ပညာရှင်များသည် မသန်စွမ်းသူများ၏ အတွေ့အကြုံများကို လေ့လာပြီး လူမှုစီးပွားတည်ဆောက်ရေးတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်ပေသည်။ သို့မှသာ မသန်စွမ်းသူတို့ ရင်ဆိုင်နေရသည့် အခက်အခဲများကို လျှော့ချနိုင်ပေမည်။

## ၁၂ ဒသမ ၈ ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ်

"မသန်မစွမ်း"ဆိုသော အသုံးအနှုန်းသည် မသန်လည်းမသန်၊ စွမ်းဆောင်နိုင်မှုလည်းမရှိဆိုသည့်အဓိပ္ပာယ် သက်ရောက်နေခြင်းကြောင့် "မသန်စွမ်း" ဆိုသော စကားဖြင့် ၁၉၉၄ ခုနှစ်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့မှ စတင်ပြောင်းလဲ ခေါ်ဝေါ်သုံးစွဲရန် လူမှုဝန်ထမ်းဝန်ကြီးဌာနက တရားဝင်သတ်မှတ်ခဲ့သည်။ "ကြီးသူကို ရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကို သနား" ဆိုသည့် စကားအတိုင်း မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ ကူညီစောင့်ရှောက်ရေးကို ခေတ်အဆက်ဆက် ကတည်းက ဆောင်ရွက်ခဲ့ကြသည်။ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ လူဦးရေ ၅၉ သိန်းကျော်၊ တစ်နည်းအားဖြင့် မြန်မာ့လူဦးရေ၏ ၁၂ ဒသမ ၈ ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ်ကြ၏။ မသန်စွမ်းကလေးသူငယ်များအခြေအနေ လေ့လာဆန်းစစ်ချက်(၂၀၁၆)အရ နိုင်ငံတစ်ဝန်း၌ မသန်စွမ်းကလေးသူငယ် ၂၃၂၀၀၀ ခန့်ရှိပြီး သုံးဦးတွင် နှစ်ဦးက ကျောင်းမတက်နိုင်ကြဘဲ ၃၆ ရာခိုင်နှုန်းသာ စာရေးစာဖတ်တတ်ကြောင်း လေ့လာသိရှိရ၏။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကွန်ဗင်းရှင်းသို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ဝင်ရောက်ခဲ့သည်။ အရှေ့တောင်အာရှတွင် အခမ်းနားဆုံးဖြစ်သော မသန်စွမ်းသူများညီလာခံကို ၂၀၁၄ ခုနှစ် ဇွန်လ ၁၀ ရက်နေ့မှ ၁၂ ရက်နေ့အထိ ကျင်းပခဲ့ရာ မသန်စွမ်းကိုယ်စားလှယ် ၅၅၀ တက်ရောက်ခဲ့ကြသည်။ "မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ"ကို ၂၀၁၅ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ "နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မသန်စွမ်းသူများကို ပိုမိုကြည့်ရှုစောင့်ရှောက်နိုင်ရန်၊ ကုလသမဂ္ဂ၏ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို မသန်စွမ်းသူအားလုံးက တန်းတူညီမျှ အပြည့်အဝ ရရှိစေရန်နှင့် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ပြည်သူ့ရေးရာစသည့် နယ်ပယ်အသီးသီးတွင် အခြားသူများနှင့်တန်းတူ ပေါင်းစည်းပါဝင်နိုင်ရန်"စသည့် ရည်ရွယ်ချက် ၉ ရပ်ကို ချမှတ်ခဲ့သည်။ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ (၂၀၁၆–၂၀၂၅)ကို ရေးဆွဲပြီး ပြန်လည်ထူထောင်ရေး၊ မသန်စွမ်းအဆင့်သတ်မှတ်ရေး၊ မှတ်ပုံတင်ရေးနှင့် ရန်ပုံငွေတစ်ရပ် ထူထောင်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ရန်ကုန်နှင့် စစ်ကိုင်းမြို့တို့တွင် မျက်မမြင်သင်တန်းကျောင်းများ၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ နားမကြားကလေးသင်တန်းကျောင်းများ၊ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်တွင် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းများ၊ ရန်ကုန်မြို့တွင် မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာတို့ကို ဖွင့်လှစ်ထားရှိသည်။ ထို့ပြင် မျက်မမြင်အကြောပြင်အနှိပ်စနစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ သတင်းအချက်အလက်များ လက်လှမ်းမီရရှိနိုင်ရေးစီမံကိန်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာစီမံကိန်း၊ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်မှာ အားရဖွယ်ရာကောင်းလှသည်။

ကုလသမဂ္ဂ၏ "မသန်စွမ်းသူများ၏ အခွင့်အရေးသဘောတူစာချုပ်"ထဲတွင် "မသန်စွမ်းသူဆိုသည်မှာ ပတ်ဝန်းကျင်ရှိ အတားအဆီးများကြောင့် လူ့အဖွဲ့အစည်းအတွင်း အများနည်းတူ အပြည့်အဝ ထိရောက်စွာ ပါဝင်ဆောင်ရွက်မှု မပြုနိုင်သော ကိုယ်ခန္ဓာပိုင်း၊ စိတ်ပိုင်း၊ ဉာဏ်ရည်ပိုင်း သို့မဟုတ် အာရုံခံစားမှုပိုင်းဆိုင်ရာ ရေရှည်ချို့ယွင်းချက်ရှိသူများ"ဟု အတိအလင်း ဖော်ပြထားရှိသည်။ မသန်စွမ်းသူများ၏ဘဝတွင် နိစ္စဓူဝခံစားတွေ့ကြုံနေရသော အခက်အခဲ အတားအဆီးများမှာ ၎င်းတို့၏ မပြည့်စုံမှုကြောင့်မဟုတ်ဘဲ ရင်ဆိုင်တွေ့ကြုံနေရသည့် ပတ်ဝန်းကျင်အတားအဆီးများလည်း ပါဝင်နေ၏။

## မသန်စွမ်းသူများ၏ဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်

အချုပ်အားဖြင့် ကမ္ဘာတစ်ဝန်းတွင် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကို ၁၉၉၂ ခုနှစ်မှ စတင်ကျင်းပသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း ၁၉၉၄ ခုနှစ်မှ စတင်ကျင်းပခဲ့သည်။ ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ဆောင်ပုဒ်မှာ "စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်စို့ (United in action to rescue and achieve the SDGs for, with and by persons with disabilities)" ဟူ၍ ဖြစ်သည်။ မသန်စွမ်းသူများ၏ဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် လူသားအားလုံးက ကူညီဆောင်ရွက်ရမည်ဟု ဆိုလိုခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာတွင် နိုင်ငံသားများ ရရှိခံစားသင့်သော အခွင့်အရေးများကို စနစ်တကျ သာတူညီမျှရှိရန်မှာ လွန်စွာအရေးကြီးသည်။ မသန်စွမ်းသူများသည်လည်း နိုင်ငံသားများဖြစ်ကြပေရာ ၎င်းတို့၏အကျိုးကို နိုင်ငံတော်က ဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူအပေါင်းကလည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြပါရန် ရေးသားလိုက်ရပေသည်။ ။

**ကိုးကား။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထုတ်ဝေသော မသန်စွမ်းမှုဆိုင်ရာ ဝေါဟာရအသုံးအနှုန်းများ လက်စွဲအညွှန်းစာအုပ်။**



**"ကမ္ဘာ့လူဦးရေသန်း ၁၀၀၀ ကျော်သည် မသန်စွမ်းမှုတစ်မျိုးမျိုးကို ခံစားနေရ၏။ ထိုပမာဏကို သတိပြုမိခြင်းကြောင့် ကုလသမဂ္ဂအပါအဝင် ကမ္ဘာ့နိုင်ငံများက မသန်စွမ်းသူများ၏အရေးကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ အလုပ်အကိုင် ခွဲခြားဆက်ဆံရမှုမှာ အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေ၏။ ထို့ကြောင့် တာဝန်ရှိသူများ၊ အစိုးရအဖွဲ့အစည်းများ၊ ကျန်းမာရေး အတတ်ပညာရှင်များသည် မသန်စွမ်းသူများ၏ အတွေ့အကြုံများကို လေ့လာပြီး လူမှုစီးပွား တည်ဆောက်ရေးတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်ပေသည်။ သို့မှသာ မသန်စွန်းသူတို့ ရင်ဆိုင်နေရသည့်အခက်အခဲများကို လျှော့ချနိုင်"**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် Aquarius နည်းပညာကုမ္ပဏီမှ မစ္စတာ ဗလာဒီမာ စတပ်ပါနော့ဗ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် Aquarius နည်းပညာကုမ္ပဏီမှ မစ္စတာ ဗလာဒီမာ စတပ်ပါနော့ဗ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေး၊ ဒစ်ဂျစ်တယ် စီးပွားရေး၊ သတင်းအချက်အလက် နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများတိုးမြှင့်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။



တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန သောကြာနေ့ စကားဝိုင်း (Friday Talk) အမှတ်စဉ် (၃၉) ဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Progra – mme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) ၏ အမှတ်စဉ် (၃၉) ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန ရုံးအမှတ်(၁)၌ ကျင်းပသည်။



ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာ ဝါဝါမောင်က မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံ့စီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် စီးပွားရေးပွင့်လန်းလာစေရေး၊ အလုပ်အကိုင် ဖန်တီးပေးနိုင်ရေးနှင့် Eco-Friendly Business များ ပေါ်ပေါက်လာစေရေး ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးမည့် ခေါင်းစဉ်အရ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အနေဖြင့် ၂၀၃၀ Global Agenda အရ စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် မြို့များနှင့်မြို့နယ်များအထိ လက်တွေ့အကောင်အထည် ဖော်ဆောင်မှုများကို လေ့လာသိရှိခွင့်ရနိုင်မည် ဖြစ်သောကြောင့် တက်ရောက်လာကြသော အရာထမ်း/ အမှုထမ်းများအနေဖြင့် တက်တက်ကြွကြွဖြင့် ပါဝင်ဆွေးနွေးပေးရန် ဖိတ်ခေါ်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစည်သူစိုးက **“ဖွံ့ဖြိုးဆဲ နိုင်ငံများအတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ၂၀၃၀ အစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ မြို့များနှင့်မြို့နယ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲတက်ရောက်ခဲ့မှုအပေါ် အသိပညာမျှဝေဆွေးနွေးခြင်း”** ခေါင်းစဉ်ဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့်အရာရှိများနှင့် အရာထမ်း/ အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးရုံးများမှ အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

သတင်းစဉ်

# ခေတ်မီစံပြကျေးရွာရှိ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးရေးစီမံကိန်း အခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်လှစ်

နေပြည်တော် ဒီဇင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အနေဖြင့် ခေတ်မီစံပြကျေးရွာရှိ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးရေးစီမံကိန်းအဖြစ် အခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျောက်ဆည်မြို့နယ် မြင်စိုင်း အနောက်ရပ် ဆင်ဖြူချပ် ပရဟိတဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးနှင့် မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းဗိုလ်တို့က အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်များအလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ရေးတို့အတွက် အခြေခံတန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာများ အခမဲ့ သင်ကြားပေးမည့်အခြေအနေများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားကြသည်။

အဆိုပါသင်တန်းတွင် ကျောက်ဆည်ခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျာဝင်းက အခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာဆိုင်ရာ ဘာသာရပ်များကို နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ လည်းကောင်း၊ ဦးစီးမှူး ဒေါ်အိကေသွယ်နှင့် ဒေါ်နွယ်နီအောင်တို့က တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှု မွမ်းမံသင်တန်းဆိုင်ရာ ဘာသာရပ်များကို ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက်အထိလည်းကောင်း စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းတွင် ထူးချွန်သူငါးဦးကို ရွေးချယ်၍ တန်ဖိုးငွေကျပ် ၁၀ သိန်းနှင့် ညီမျှသည့် စက်ပစ္စည်းများနှင့် တန်ဖိုးငွေကျပ်နှစ်သိန်းနှင့်ညီမျှသော ပစ္စည်းများ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# မုဒုံမြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်းပွဲ ကျင်းပ



မုဒုံ ဒီဇင်ဘာ ၁

မွန်ပြည်နယ် မုဒုံမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်း အမှတ်စဉ် (၁/၂၀၂၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပသည်။ အခမ်းအနားတွင် မုဒုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးပြည်သိမ်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက မီးသတ်ပညာ ထူးချွန်သင်တန်းသား၊ ရှာဖွေကယ်ဆယ်ရေးပညာ ထူးချွန်သင်တန်းသားတို့ကို ဆုများချီးမြှင့်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းကို လေးပတ်ကြာဖွင့်လှစ်ခဲ့၍ သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရပ်စောက်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု စစ်ဆေး

ရပ်စောက် ဒီဇင်ဘာ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု ဘန်းအုံကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ဘန်းအုံကျေးရွာတွင် ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် သိန်း ၇၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၁၄၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူကျေးရွာသားများကိုယ်တိုင် နိုဝင်ဘာလ ပထမပတ်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ရာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရှေးရယ်၊ စီမံကိန်း တာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

၂၂၂

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မွန်ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များနှင့် သန်းခေါင်စာရင်းကြီးကြပ်မှု ကော်မတီဝင်များအား တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁**

မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ၊ ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မွန်ပြည်နယ် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ မွန်ပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင်များ၊ မွန်ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များ၊ သန်းခေါင်စာရင်း ကြီးကြပ်မှု ကော်မတီဝင်များနှင့် တွေ့ဆုံသည်။



**ကောက်ယူပြီးစီးခဲ့**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မွန်ပြည်နယ်အနေဖြင့် မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းကို စာရင်းကောက်အဖွဲ့ ၁၀၀၀ ကျော်ဖြင့် သတ်မှတ်ကာလအတွင်း ရာနှုန်းပြည့်ကောက်ယူနိုင်ခဲ့ပြီး e-ID Software ဖြင့် ထုတ်ယူထားသည့် အိမ်ထောင်စုစာရင်းဖြင့် ၅ ဒသမ ၂ သိန်းကျော်၊ အိမ်ထောင်စုစာရင်းမရှိသဖြင့် အလွတ်ပုံစံများဖြင့် ၆၀၀၀၀ ကျော် စုစုပေါင်း ၅ ဒသမ ၈ သိန်းကျော် ကောက်ယူပြီးစီးခဲ့ကြောင်း၊ ကောက်ယူရရှိသည့် စာရင်းအချက်အလက်များအား ရုံးချုပ်ရှိ e-ID Server အတွင်း အချက်အလက် တိုက်ဆိုင်ပြင်ဆင်ဖြည့်သွင်း အတည်ပြုခြင်းလုပ်ငန်းများမှာ ဆောင်ရွက်ရန် အနည်းငယ်ကျန်ရှိနေသည့်အတွက် အချိန်မီပြီးစီးရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိတို့ဌာနမှ တာဝန်ယူ၍ နိုင်ငံအတွင်း နေထိုင်သူအားလုံး ကိုယ်ရေးအချက်အလက်(Biographic) နှင့် ဇီဝဆိုင်ရာ အချက်အလက်(Biometric) ကောက်ယူကာ e-ID Database အတွင်းသိမ်းဆည်းပြီး ဂဏန်း ၁၀ လုံးပါဝင်သည့် Unique ID နံပါတ် သတ်မှတ်ထုတ်ပေးလျက်ရှိရာ ယင်းလုပ်ငန်းစဉ်ကိုလည်း ပန်းခင်းစီမံချက်နှင့်အတူ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံသားကတ်ရှိပြီးသူများနှင့် နိုင်ငံသားကတ်ပြားအသစ် လျှောက်ထားသူများအား e-ID စနစ်ဖြင့် တစ်ပါတည်း Biographic/ Biometric ကောက်ယူခြင်း ဆောင်ရွက်ပေးလျက်ရှိရာ လုပ်ငန်းစဉ်အား ပြည်သူများပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေးအတွက် တိုက်တွန်းနှိုးဆော်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မွန်ပြည်နယ်အတွင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူဆောင်ရွက်မှု၊ ပန်းခင်းစီမံချက်လုပ်ငန်းများ၊ မဲစာရင်းမှန်ကန်စေရေး လုပ်ငန်းများ၊ ပြည်လုံးကျွတ်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် သက်ဆိုင်ရာကော်မတီဝင်များက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက်တာဝန်ရှိသူများက နယ်မြေဒေသအလိုက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူမှုနှင့် ပန်းခင်းစီမံချက်လုပ်ငန်းများဆောင်ရွက်မှု၊ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးအတွက် စီစဉ်ထားရှိမှု၊ မြေပြင်ကွင်းဆင်းကောက်ယူရရှိသော အချက်အလက်များအား e-ID Server သို့ ဖြည့်သွင်းတိုက်ဆိုင်အတည်ပြုဆောင်ရွက်မှု၊ မဲစာရင်းမှန်ကန်ရေးအတွက်ဆောင်ရွက်မှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံတော်၏ အနာဂတ်အတွက် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည်နှင့်အညီ ဒေသအာဏာပိုင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက တက်ညီလက်ညီ လက်တွဲ၍ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး နိဂုံးချုပ်အမှာစကားပြောကြားသည်။

**ဝန်ထမ်းများနှင့်တွေ့ဆုံ**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်အစိုးရအဖွဲ့ရုံး ခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဌာန၏ ရည်မှန်းချက်တာဝန်များ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး၊ ပန်းခင်းစီမံချက် လုပ်ငန်းများ၊ မြေပြင်ကွင်းဆင်းကောက်ယူပြီးစီးသည့် စာရင်းဇယားအချက်အလက်များအား e-ID Server အတွင်း တိုက်ဆိုင်ပြင်ဆင် ဖြည့်စွက်အတည်ပြုခြင်းလုပ်ငန်းများ၊ e-ID စနစ် အကောင်အထည်ဖော်ရေး၊ ၂၀၂၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အောင်မြင်စွာဆောင်ရွက်နိုင်ရေး၊ လုံခြုံရေးဂရုပြုဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းများ ကြည့်ရှုအားပေး

**ရန်ကုန် ဒီဇင်ဘာ ၁**

အလုပ်သမား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း၌ လျှပ်စစ်သွယ်တန်း တပ်ဆင်ခြင်းသင်တန်းနှင့် မော်တော်ယာဉ်ပြုပြင်သင်တန်း ပို့ချနေမှုကို သွားရောက်ကြည့်ရှု အားပေးသည်။



ကြည့်ရှုအားပေးစဉ် ဒုတိယဝန်ကြီးက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်လုပ်သားများ မွေးထုတ်၍ လုပ်သားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး အလေးထားဆောင်ရွက်လျက် ရှိကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းကျောင်း(ရန်ကင်း)၌ သင်တန်းအမျိုးအစား ငါးမျိုးကို ၁၂ ကြိမ် ပို့ချခဲ့ပြီး သင်တန်းသား ၃၃၅ဦးမွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလထိ သင်တန်းအမျိုးအစား ငါးမျိုးကို ၁၄ ကြိမ်ဖွင့်လှစ်၍ သင်တန်းသား ၃၃၂ဦးမွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စားသောက်ဆိုင် ဝန်ဆောင်မှု သင်တန်းကို ထည့်သွင်းပို့ချသွားမည်ဖြစ်ပြီး သင်တန်းအမျိုးအစား ခြောက်မျိုးကို ၁၉ ကြိမ် ဖွင့်လှစ်၍ သင်တန်းသား ၄၅၀ မွေးထုတ်ပေးရန် လျာထားကြောင်း၊ သင်တန်းဆင်းပြီးပါက အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေး မိမိတို့တတ်ကျွမ်းထားသည့် ပညာရပ်ကို အသုံးချကာ အသက်မွေးဝမ်းကျောင်းပြု၍ လူမှုဘဝ တိုးတက်မြင့်မားစေရေး ကြိုးပမ်းဆောင်ရွက်ရန်နှင့် စဉ်ဆက်မပြတ် လေ့လာသင်ယူခြင်းဖြင့် မိမိနှင့် မိမိပတ်ဝန်းကျင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုရန်လိုကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း(ရန်ကင်း)၌ လေအေးပေးစက် တပ်ဆင်ခြင်း ကျွမ်းကျင်မှုအဆင့်(၁) အတွက် သတ်မှတ်ချက်နှင့် ကိုက်ညီသူများအား စစ်ဆေးအကဲဖြတ်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေးစဉ် ဒုတိယဝန်ကြီးက လုပ်သားထု ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး အတွက် မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(National Skills Standards Authority-NSSA)တွင် အလုပ်သမား ဝန်ကြီးဌာနက Focal Ministry အဖြစ် ဆောင်ရွက်နေပြီး ကျွမ်းကျင်မှုစစ်ဆေး အကဲဖြတ်ခြင်းကို အဆင့်လေးဆင့်ဖြင့် စစ်ဆေးအကဲဖြတ်နေကြောင်း၊ NSSA အသိအမှတ်ပြု လက်မှတ်ရရှိထားခြင်းအားဖြင့် အလုပ်ရှင်များ၏ အားကိုးယုံကြည်မှု ရရှိနိုင်သောကြောင့် လုပ်ငန်းခွင်မှ အဆင့်မီ လုပ်သားများကို အချိန်မဆိုင်းဘဲ စစ်ဆေးအကဲဖြတ်ခြင်းတွင် ဝင်ရောက်ဖြေဆိုနိုင်ရေး အသိပေးပြောကြားရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လားရှိုးမြို့၌ ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်

**လားရှိုး ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒေသခံပြည်သူများနှင့် ယာယီတိုက်ပွဲရှောင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ ဆောင်ရွက်ခဲ့သည်။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရာသို့ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာထွန်းညွန့်ဦးနှင့် တာဝန်ရှိသူတို့က လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ဒေသခံပြည်သူများနှင့် ယာယီတိုက်ပွဲရှောင် ပြည်သူများအား ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ဆီးချို၊ သွေးချို၊ သွေးတိုးစစ်ဆေးပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်စောင့်ရှောက်မှုပေးခြင်း၊ အသက်ငါးနှစ်အောက်ကလေးများကို အာဟာရဖွံ့ဖြိုးမှုတိုင်းတာခြင်း၊ အသက်နှစ်နှစ်အောက်ကလေးများအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ဆေးစိမ်ခြင်ထောင်ဖြန့်ဝေပေးခြင်းနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွားကျန်းမာရေး အသိပညာပေးဟောပြောခြင်းများဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

စိုင်းထွန်း(လားရှိုး)



# အမျိုးသားစံချိန်စံညွှန်းကောင်စီအစည်းအဝေး (၁/၂၀၂၃)နှင့် စံချိန်စံညွှန်းလုပ်ငန်းကော်မတီ (၂/၂၀၂၃) အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁**

အမျိုးသား စံချိန်စံညွှန်းကောင်စီအစည်းအဝေး (၁/၂၀၂၃) နှင့် စံချိန်စံညွှန်းလုပ်ငန်းကော်မတီ (၂/၂၀၂၃) အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားစံချိန်စံညွှန်းကောင်စီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က နိုင်ငံတော်အတွက် အရည်အသွေးရှိ အခြေခံအဆောက်အအုံ၊ National Quality Infrastructure တည်ဆောက်ရန် လိုအပ်သည့် စံချိန်စံညွှန်းများ ပေါ်ထွက်ပြဋ္ဌာန်းသတ်မှတ်နိုင်ရေး ဆောင်ရွက်ရန် ပြောကြားသည်။




**ရှင်းလင်းတင်ပြ**

ဆက်လက်၍ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က အမျိုးသားအဆင့် စံချိန်စံညွှန်းနှင့်အရည်အသွေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ အမျိုးသားစံချိန်စံညွှန်းကောင်စီ အစည်းအဝေးသို့ဆက်လက်တင်ပြအတည်ပြုချက်ရယူမည့် လုပ်ငန်းစဉ်များ ဆွေးနွေးတင်ပြခြင်းနှင့် သက်ဆိုင်ရာ နည်းပညာ ဆပ်ကော်မတီများအလိုက် အဆိုပြုတင်ပြထားသည့် စံချိန်စံညွှန်းများ၊ ရေးဆွဲလျက်ရှိသော မြန်မာစံချိန်စံညွှန်းမူကြမ်းများနှင့် အများပြည်သူ သဘောထားမှတ်ချက်များ ရယူဆောင်ရွက်ခဲ့ပြီးသော မြန်မာစံချိန်စံညွှန်းမူကြမ်း အကျဉ်းချုပ်များကို ရှင်းလင်းတင်ပြကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် အမျိုးသားစံချိန်စံညွှန်းကောင်စီ အစည်းအဝေးကို ဆက်လက်ကျင်းပရာ အမျိုးသားစံချိန်စံညွှန်းကောင်စီ အစည်းအဝေး(၂/၂၀၂၂)၏ အတည်ပြုဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုများ တင်ပြခြင်း၊ စံချိန်စံညွှန်းလုပ်ငန်းကော်မတီမှတင်ပြလာသည့် အများပြည်သူ သဘောထားမှတ်ချက် ရယူပြီးသော စံချိန်စံညွှန်းမူကြမ်း ၆၃ ခုကို မြန်မာစံချိန်စံညွှန်းများအဖြစ် အတည်ပြုချမှတ်နိုင်ရေး၊ ရွှေအရည်အသွေးနှင့် အလေးချိန်အတိုင်းအတာဆိုင်ရာ စံချိန်စံညွှန်းများ ရေးဆွဲနိုင်ရေးအတွက် ရွှေစံချိန်စံညွှန်းရေးဆွဲရေး နည်းပညာ ဆပ်ကော်မတီကို အတည်ပြုဖွဲ့စည်းနိုင်ရေး၊ နိုင်ငံတကာ အသိအမှတ်ပြုခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်အခြေအနေများ၊ အမျိုးသားအဆင့်အရည်အသွေး ထောက်ခံချက်ထုတ်ပေးရေးအဖွဲ့ (National Certification Body)၏ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ နိုင်ငံအတွင်းရှိ ပြည်တွင်း/ပြည်ပ အရည်အသွေး ကိုက်ညီမှုစစ်ဆေးရေးအဖွဲ့များအား Registration နှင့် Designation ပြုလုပ်နိုင်ရေး လုပ်ငန်းစဉ်များနှင့် ရှေ့ဆက်အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အမျိုးသားစံချိန်စံညွှန်းကောင်စီဝင်များ ဖြစ်ကြသော သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့်ဆက်စပ်ဝန်ကြီးဌာနများမှ စံချိန်စံညွှန်းလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ UMFCCI မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းတို့မှ ကိုယ်စားလှယ်များက အတည်ပြု ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

**ကျင်းပခြင်းဖြစ်**

အဆိုပါ အစည်းအဝေးကို အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများ၊ ဒေသဆိုင်ရာစံချိန်စံညွှန်းများနှင့်အညီ မြန်မာစံချိန်စံညွှန်းများ သတ်မှတ်နိုင်ရေး၊ နိုင်ငံတကာ အသိအမှတ်ပြုလွှာနှင့် အမျိုးသားအဆင့် အရည်အသွေးထောက်ခံချက်များ ထုတ်ပေးခြင်းဆိုင်ရာ မူဝါဒများချမှတ်နိုင်ရေး၊ ထုတ်လုပ်သူများနှင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ စက်ရုံအလုပ်ရုံများ၏ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တရားသော ဒို့စစ် ရဲဝံ့ဆင်နွှဲမည်

❖ ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား
တန်ဖိုးထားလျက်၊ သုံးပါးအရေး
နှလုံးသွေးဖြင့်၊ ပေးဆပ်ဖန်ဖန်
သစ္စာနှံလျက်၊ ဆယ်ပြန်ဆယ်သက်
ငဲ့ကွက်မရှု့၊ နောက်မတွန့်ဘဲ
စွန့်လွှတ်စွန့်စား၊ တပ်မတော်သားဟေ့
တရားသောစစ် အောင်ရမည်။

❖ တစ်ဖက်သားအပေါ်၊ တစ်ပြည်ခြားအပေါ်
ဘောင်ကျော်စော်ကား၊ မပြုပြားလည်း
ပြည့်အားနှောင့်ယှက်၊ ကျူးဝင်ဖျက်သော်
တိုက်ဖျက်ချေမှုန်း၊ လက်စတုံးအံ့
တုံးတိုက်ကျားကိုက်၊ အရေးမစိုက်ဘဲ
တိုက်လျှင်ရဲရဲ၊ နွှဲလျှင်ပိုင်ပိုင်
ခိုင်မာစိတ်ထား၊ စွမ်းပကားဖြင့်
တရားသောစစ် အောင်ရမည်။

❖ စစ်ကိုမခေါ်၊ လာခဲ့သော်မူ
တော်တည့်မှန်ကန်၊ စိတ်သဏ္ဌာန်ဖြင့်
နိုင်ငံအတွက်၊ ပြည်သူအတွက်
အသက်ပေးလှူ၊ ခံယူစိတ်ထား
စစ်သည်များတို့
တရားသောစစ် ဆင်နွှဲမည်။
တရားသောစစ် အောင်ရမည်။
ခိုင်မာ ယုံကြည်ထားပါသည်။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

( တရားသောစစ်ပွဲ ဆင်နွှဲနေသည့် တပ်မတော်သားများကို လေးစားဂုဏ်ပြုလျက်)

# နေပြည်တော်ကောင်စီနယ်မြေအတွင်း သီးထပ်တိုးမြှင့် စိုက်ပျိုးနိုင်ရေးနှင့် တစ်နှစ်ပတ်လုံးစိုက်ပျိုးထုတ်လုပ်နိုင်ရေးကြိုးပမ်း

**နေပြည်တော် ဒီဇင်ဘာ ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် တပ်ကုန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တပ်ကုန်း-ရွှေမြို့ မွေးမြူရေးဇုန်၌ ဆောင်ရွက်လျက်ရှိသည့် မြေသားရေလှောင်ကန် တည်ဆောက်ခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်း က မွေးမြူရေးနှင့်ပတ်သက်၍ ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို လည်းကောင်း၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက အလျားပေ ၃၃၀ ၊ အမြင့် ၃၆ ပေ မြေသားရေလှောင်ကန် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။



ယင်းနောက် ဒုတိယဝန်ကြီးက မွေးမြူရေးဇုန်အတွင်း တိရစ္ဆာန်များ၏ ရေလိုအပ်ချက်နှင့် အခြားရေလိုအပ်ချက်ကို တွက်ချက်ပြီး အသုံးပြုမည့် ရေပမာဏပေါ်အခြေခံ၍ ရေအသုံးပြုမှုဖူလုံစေရေး စီမံဆောင်ရွက်ရန်၊ ရေပေးဝေမည့်နေရာကို ရွေးချယ်၍ ရေပိုက်လိုင်းဆွဲခြင်းနှင့် ရေတင်စနစ်ဖြင့် ပေးဝေခြင်းလုပ်ငန်းများ၊ တိရစ္ဆာန်အစာအတွက် စီမံဆောင်ရန်ထားရှိမှုအခြေအနေများ၊ အပူပိုင်းဇုန်အတွင်း မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် မျိုးကောင်းမျိုးသန့် မွေးမြူထုတ်လုပ်မှုဆိုင်ရာ နည်းပညာပေးဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြေသားတမံ တည်ဆောက်ရေး လုပ်ငန်းခွင်နှင့် ရေသိုလှောင်ထားရှိမှု၊ မွေးမြူရေးဇုန်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်လျက်ရှိသော ဥစားဘဲ၊ အသားစားဘဲရုံ အဆောက်အအုံနှင့် ဥဖောက်စက် အဆောက်အအုံ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာအုပ်စုတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆိုလာစနစ်စက်ရေတွင်း အမှတ်(၈) မြေအောက်ရေဖြင့် တစ်ကွင်းတစ်ဆက်တည်း စိုက်ပျိုးရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တပ်ကုန်းမြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း သီးထပ်တိုးမြှင့် စိုက်ပျိုးနိုင်ရေးနှင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်ခြင်းအတွက် တောင်သူအစုအဖွဲ့များ၊ ရေအသုံးချသူများအဖွဲ့(WUG) နှင့် ဌာနဆိုင်ရာများ ပေါင်းစပ်၍ ဒေသ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တိုးမြှင့်ဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN-PAC) ၏ (၁၉) ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေး တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁**

အာဆီယံဒေသတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး အေဂျင်စီများဖြင့် ဖွဲ့စည်းထားသည့် အာဆီယံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN Parties Against Corruption–ASEAN–PAC) ၏ (၁၉) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေး ပထမနေ့ကို နိုဝင်ဘာ ၂၉ ရက်တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ Landmark Mekong Riverside Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

**ရှင်းလင်းဆွေးနွေး**

အစည်းအဝေးတွင် သဘာပတိအဖြစ် လာအိုနိုင်ငံအစိုးရစုံစမ်းစစ်ဆေးရေး အာဏာပိုင်အဖွဲ့ ဥက္ကဋ္ဌ H.E. Mr.Khamphanh PHOMMATHATH က ဆောင်ရွက်ပြီး ယခင်နှစ်က ကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးမှတ်တမ်းကို အတည်ပြုခြင်း၊ ယခင်နှစ်က အလှည့်ကျ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့မှ တစ်နှစ်တာလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးခြင်း၊ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၂၀၂၀ ပြည့်နှစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက် ပန်းတိုင်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ စွမ်းဆောင်ရည်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ကြိုးပမ်း အားထုတ်မှုများကို မြှင့်တင် ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ နိုင်ငံအလိုက် ရှင်းလင်းဆွေးနွေးခြင်း၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) ဒေသဆိုင်ရာ ကိုယ်စားလှယ်က ဆွေးနွေးတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် အများပြည်သူဆိုင်ရာ အသိပညာပေးမှုနှင့် အများပြည်သူမှ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို အလေးထား ဆွေးနွေးခဲ့ပြီး အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများတွင် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ အသိပညာပေး အစီအစဉ်များကို နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်နေမှု၊ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများ၊ ဖြောင့်မတ်တည်ကြည်မှု လူငယ်စကားဝိုင်းများနှင့် Edutainment အစီအစဉ်များမှတစ်ဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် လူငယ်များ ပါဝင်လာရေး မြှင့်တင်ဆောင်ရွက်နေမှု၊ Edutainment အစီအစဉ်များတွင် ပါဝင်သည့် ကျောင်းသားများနှင့် ဆရာ ဆရာမများထံမှ ကောင်းမွန်သည့် တုံ့ပြန်မှုများရရှိခဲ့မှု၊ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ ရည်ညွှန်း စာစောင်များကိုလည်း ထုတ်ဝေဖြန့်ချိခြင်း ဆောင်ရွက်နေမှု၊ ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များ ဖွဲ့စည်းဆောင်ရွက်နေမှု၊ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) များ ဆောင်ရွက်နေမှု၊ နိုင်ငံ့ဘဏ္ဍာ ပြန်လည်ရယူနိုင်ရန် ဦးတည်၍ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်နေမှု၊ သတင်းပေးသူအကာအကွယ်ပေးရေးဥပဒေမူကြမ်း ရေးဆွဲဆောင်ရွက်နေမှုနှင့် နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှုများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးပြောကြားသည်။



ထို့အပြင် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် လာအိုနိုင်ငံ အစိုးရစုံစမ်းစစ်ဆေးရေး အာဏာပိုင်အဖွဲ့တို့အကြား အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း၊ ညနေပိုင်းတွင် မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် လာအိုနိုင်ငံ အစိုးရစုံစမ်းစစ်ဆေးရေး အာဏာပိုင်အဖွဲ့ (State Inspection Authority – SIA) ဥက္ကဋ္ဌ H.E. Mr.Khamphanh PHOMMATHATH ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ ထိုင်းဘုရင့်နိုင်ငံ အမျိုးသား အဂတိလိုက်စားမှု ဆန့်ကျင်ရေးကော်မရှင် (National Anti–Corruption Commission–NACC) မှ Deputy Secretary – General Mr.Prateep Juthasron ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း တွေ့ဆုံ၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။ ထို့နောက် လာအိုနိုင်ငံ အစိုးရစုံစမ်းစစ်ဆေးရေး အာဏာပိုင်အဖွဲ့ (State Inspection Authority – SIA) ဥက္ကဋ္ဌက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေး ဒုတိယနေ့ဖြစ်သည့် နိုဝင်ဘာ ၃၀ ရက်တွင် ASEAN–PAC E–Booklet မူကြမ်းနှင့် လွှင့်တင်ရေးကိစ္စရပ်များ ဆွေးနွေးခြင်း၊ ၂၀၂၄ ခုနှစ်တွင် ASEAN–PAC အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည့် အဆိုပြုခေါင်းစဉ်အပေါ် ဆွေးနွေးခြင်း၊ ၂၀၂၄ ခုနှစ် အဖွဲ့ဝင်အလှည့်ကျ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်မည့် အင်ဒိုနီးရှားနိုင်ငံ KPK က အစည်းအဝေး လက်ခံကျင်းပရေး ကိစ္စရပ်များ ဆွေးနွေးခြင်း၊ ASEAN– PAC ၏ ဆက်သွယ် ဆောင်ရွက်ရမည့် ပုဂ္ဂိုလ်များစာရင်းကို အတည်ပြုခြင်းတို့ ဆောင်ရွက်ခဲ့ပြီး ပိတ်ပွဲအခမ်းအနားသို့ လာအိုနိုင်ငံအစိုးရစုံစမ်းစစ်ဆေးရေး အာဏာပိုင်အဖွဲ့ (State Inspection Authority – SIA) ဥက္ကဋ္ဌ H.E. Mr. Khamphanh PHOMMATHATH က ကျေးဇူးတင်စကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# (၅)ကြိမ်မြောက် ကမ္ဘာ့မီဒီယာညီလာခံတက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၁**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကွမ်တုံပြည်နယ် ကွမ်ကျိုးမြို့နှင့် ယူနန်ပြည်နယ် ကူမင်းမြို့တို့တွင် ဒီဇင်ဘာ ၁ ရက်မှ ၈ ရက်အထိ ကျင်းပမည့် (၅) ကြိမ်မြောက် ကမ္ဘာ့မီဒီယာညီလာခံသို့ ပါဝင်တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကွမ်ကျိုးမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။



မြန်မာကိုယ်စားလှယ် အဖွဲ့တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာတင်နှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဦးစီးအရာရှိ ဒေါ်အေးဝါလှိုင်တို့ပါဝင်ပြီး အဆိုပါအဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဆင်ဟွာသတင်းဌာန (ရန်ကုန်ရုံးခွဲ)မှ ကိုယ်စားလှယ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(၅)ကြိမ်မြောက် ကမ္ဘာ့မီဒီယာညီလာခံဖွင့်ပွဲနှင့် မျက်နှာစုံညီအစည်းအဝေးများကို ဒီဇင်ဘာ ၁ ရက်မှ ၄ ရက်အထိ ကွမ်ကျိုးမြို့တွင် ကျင်းပမည်ဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲနှင့် ဖိုရမ်များကျင်းပမည်ဖြစ်ရာ နိုင်ငံတကာမှ ပြန်ကြားရေးဆိုင်ရာ အစိုးရအဆင့်မြင့်အရာရှိကြီးများ၊ မီဒီယာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၃၅၀ ခန့် တက်ရောက်မည်ဖြစ်ကြောင်း၊ ဒီဇင်ဘာ ၅ ရက်တွင် ကူမင်းမြို့၌ ကမ္ဘာ့မီဒီယာညီလာခံကို ဆက်လက်ကျင်းပမည်ဖြစ်ပြီး 2nd Elephant International Communications Forum ကိုလည်း ကျင်းပမည်ဖြစ်ကြောင်းနှင့် ညီလာခံများကို နိုင်ငံတကာသတင်းဌာနများ ဖြစ်သည့် ဆင်ဟွာသတင်းအေဂျင်စီ၊ AP၊ Reuters၊ TASS သတင်းဌာနနှင့် ကျိုဒိုသတင်းဌာနစသည့် ကမ္ဘာ့သတင်းမီဒီယာ အဖွဲ့များ၏ ပူးပေါင်းစီစဉ်မှုဖြင့် ၂၀၀၉ ခုနှစ်မှ စတင်ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြဝတီမြို့၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဆင်းပွဲ ကျင်းပ

**မြဝတီ ဒီဇင်ဘာ ၁**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ကရင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏လမ်းညွှန်မှု၊ မြဝတီခရိုင် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်မှုနှင့် ဟိုတယ်လုပ်ငန်းရှင်များ၏ ပံ့ပိုးမှုဖြင့်ဖွင့်လှစ်ခဲ့သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မြဝတီမြို့ Vantage Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် မြဝတီခရိုင် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချောကြည်ကြည်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ သင်တန်းတွင် ဘာသာရပ်အလိုက် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိခဲ့သည့် သင်တန်းသား သင်တန်းသူ ကိုးဦးတို့အား လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချောကြည်ကြည်၊ Union Hotel မှ မန်နေဂျာ ဦးအောင်ကျော်နှင့် Westay Hospitality Group မှ Operation Manager ဦးသော်သော်လွင်တို့က ဆုများချီးမြှင့်သည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချောကြည်ကြည်က သင်တန်းနည်းပြ နှစ်ဦးတို့အား ဂုဏ်ပြုလွှာ၊ ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပြီး သင်တန်းသား တစ်ဦးချင်းအလိုက် သင်တန်းဆင်းလက်မှတ်များပေးအပ်ကြောင်း သိရသည်။

ဇာဖြူဝင်း(ပြန်/ဆက်)



**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့

International Day of Persons with Disabilities (2023)

“စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်စို့”

“United in action to rescue and achieve the SDGs for, with and by persons with disabilities”

၃.၁၂.၂၀၂၃ နေပြည်တော်

မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ (၂၀၂၃)

Myanmar Public Health Conference (2023)

“လူတိုင်းသက်ရှည်ကျန်းမာဖို့ ပြည်သူ့ကျန်းမာရေးမြှင့်တင်စို့”

“Public Health: Improving the longevity and health of the nation”

(၆-၁၂-၂၀၂၃) မှ (၇-၁၂-၂၀၂၃) ထိ နေပြည်တော်

# အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ ၁၆ ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

အဆိုပါပြိုင်ပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်ဇနီး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီဝင်များနှင့်ဇနီးများ၊ ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ၊ မသန်စွမ်းအားကစားသမားများ တက်ရောက်ကြပြီး အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် နှစ်ဘာသာဂုဏ်ထူးရှင် မသန်စွမ်းမစန်းသီတာထွန်းကို ပညာရည်ထူးချွန်ဆု ပေးအပ်ချီးမြှင့်ပြီး မသန်စွမ်းသီချင်းဆိုပြိုင်ပွဲနှင့် မသန်စွမ်းအားကစားပြိုင်ပွဲများအလိုက် ဆုရရှိကြသည့် မသန်စွမ်းအားကစားသမားများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေများချီးမြှင့်သည်။



အဆိုပါ မသန်စွမ်းအားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အကြိုလှုပ်ရှားမှုအနေဖြင့် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ နေပြည်တော်ကော်မတီက ကြီးမှူးကျင်းပခြင်းဖြစ်ပြီး မသန်စွမ်းအားကစားပြိုင်ပွဲတွင် သီချင်းဆိုပြိုင်ပွဲ (ကျား၊ မ)၊ သက်ငယ်တန်း မီတာ ၅၀ အပြေးပြိုင်ပွဲ (ကျား၊ မ)၊ သက်ကြီးတန်းမီတာ ၁၀၀ အပြေးပြိုင်ပွဲ (ကျား၊ မ)၊ ဘီးတပ်ကုလားထိုင်စီး မီတာ ၅၀ အပြေးပြိုင်ပွဲ(ကျား၊ မ) ပြိုင်ပွဲများပါဝင်ပြီး မသန်စွမ်းအားကစားသမား ၇၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန် ရေလယ်ဘုရားကျောင်းဆောင်နှင့် ရှင်ဥပဂုတ္တကျောင်းဆောင် အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ လူလျှောက်လမ်းတံတားတည်ဆောက်ခြင်း၊ ကန်တော်မင်္ဂလာရှမ်းကန်အတွင်း/အပြင်နှင့် ကန်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ ၁၆ ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ပြီး နှစ်စဉ် နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ ၁၆ ရက်တာ လှုပ်ရှားမှုကာလဖြစ်ကြောင်း၊ ယခုနှစ် ဆောင်ပုဒ်မှာ “အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကာကွယ်ရေး ပေါင်းစုရင်းနှီးမြှုပ်နှံပေး”ဖြစ်ကြောင်း၊ ဆောင်ပုဒ်၏ အဓိကရည်ရွယ်ချက်မှာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဆိုင်ရာလုပ်ငန်းဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ ဥပဒေပြုရေးကဏ္ဍများတွင် အားလုံးပါဝင်ရင်းနှီးမြှုပ်နှံကြရန်ဖြစ်ကြောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ ၁၆ ရက်တာ လှုပ်ရှားမှုဆောင်ပုဒ်အတိုင်း အကြမ်းဖက်ခံရသူ အမျိုးသမီးများအတွက် လိုအပ်သည့် ဝန်ဆောင်မှုများ လွယ်လင့်တကူ လက်လှမ်းမီရရှိနိုင်ရေး ကဏ္ဍအသီးသီးတွင် အားလုံးပါဝင်ရင်းနှီးမြှုပ်နှံခြင်းဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ လျော့နည်းပပျောက်ရေးကို ဦးတည်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ ၁၆ ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ် Video Clip ကိုပြသပြီး လူငယ်ရေးရာဦးစီးဌာနက အကဖြင့်ဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်နှင့် ပူးပေါင်း၍ ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် စပ်လျဉ်းသည့် ဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကော်မရှင်ရုံး Conference Room ၌ Hybrid System ဖြင့် ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများ၊ ရုံးချုပ်နှင့် ရုံးခွဲများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**ပြောကြား**

ဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ကမ္ဘာ့နိုင်ငံများနှင့် မြန်မာနိုင်ငံရှိ မသန်စွမ်းသူများ အခြေအနေ၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ပေါ်ပေါက်လာရခြင်း၊ ကုလသမဂ္ဂ၏ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တွင် မြန်မာနိုင်ငံပါဝင်မှု၊ မြန်မာနိုင်ငံအတွင်း မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ပြဋ္ဌာန်းပေးထားမှုနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အသိပညာပေးမှု လုပ်ငန်းများဆောင်ရွက်မှု၊ “မသန်သော်လည်း စွမ်းပါသည်” ဆိုသည့်အတိုင်း စွမ်းဆောင်နိုင်ခဲ့သူများအပေါ် နိုင်ငံတော်အပိုင်းမှ အားပေးဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ပြောကြားသည်။

**ဆွေးနွေးဟောပြော**

ထို့နောက် မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဟန်သူ၊ ဒုတိယဥက္ကဋ္ဌ ဦးနိုင်အောင်သန်းလွင်နှင့် အတွင်းရေးမှူး ဒေါ်ချောစုလှိုင်တို့က မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ(၂၀၁၅ ခုနှစ်)၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အာဆီယံအထောက်အကူပြု မဟာဗျူဟာစီမံချက် ၂၀၂၅ ပါ အခွင့်အရေးများနှင့် ပြဋ္ဌာန်းချက်များ၊ နိုင်ငံရေးနှင့် ပြည်သူ့ရေးရာ နယ်ပယ်များတွင် မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်ခွင့်နှင့် ရွေးကောက်ပွဲဆိုင်ရာ ကိုယ်တွေ့ဘဝအတွေ့အကြုံများကို ဆွေးနွေးဟောပြောသည်။



**လက်ဆောင်များပေးအပ်**

ယင်းနောက် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် အဖွဲ့ဝင် ဒေါက်တာ သန်းမြင့်တို့သည် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့အား အမှတ်တရလက်ဆောင်များ ပေးအပ်ကြပြီး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ သန်းမြင့်က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့်အတူ မြန်မာနိုင်ငံ တပ်မတော်(ရေ) စစ်ရေယာဉ်များပူးပေါင်း ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းများဆောင်ရွက်မှု အခြေအနေ၊ မြန်မာနိုင်ငံအတွင်း နယ်စပ်ဒေသများတွင် တရားမဝင်နေထိုင်သူများအား တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးမှု အခြေအနေ၊ ၁-၁၂-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်(အရှေ့မြောက်ဘက်)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများ၊ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် တရားဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိဘဲ လက်နက်ကိုင် အကြမ်းဖက်လမ်းစဉ်များကို အားပေးလုပ်ဆောင်နေမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ကျွန်တော်တို့ မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေတဲ့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)က စစ်ရေယာဉ်များဟာ ဒီနေ့ညနေပိုင်းမှာတော့ မြန်မာနိုင်ငံက စစ်ရေယာဉ်များနဲ့အတူ ပင်လယ်ပြင်မှာ လေ့ကျင့်ရေးဆောင်ရွက်မယ့် ဧရိယာကိုထွက်ခွာပြီး ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ရေးလုပ်ငန်း စတင်ဆောင်ရွက်လျက်ရှိပါတယ်။ မနက်ဖြန်အထိ လေ့ကျင့်မှာဖြစ်ပါတယ်။ အဲဒီမှာတော့ ဝေဟင်ရန်၊ ရေပြင်ရန်၊ ရေအောက်ရန်ကာကွယ်ရေး လေ့ကျင့်ခန်းများ အတူပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ ချစ်ကြည်ရေးအလည်အပတ်ရောက်ရှိတဲ့ အချိန်မှာလည်း ရန်ကုန်မြို့ကအထင်ကရနေရာတွေကို လှည့်လည်လေ့လာတာတွေ၊ နှစ်နိုင်ငံ ချစ်ကြည်ရေးအားကစားပြိုင်ပွဲတွေပြုလုပ်တာတွေ၊ နှစ်နိုင်ငံ သင်္ဘောများအပြန်အလှန်လည်ပတ်တာတွေဆောင်ရွက်နိုင်ခဲ့ပါတယ်။ တရုတ်နိုင်ငံနဲ့မြန်မာနိုင်ငံ အစိုးရချင်း၊ တပ်မတော်ချင်း ဆက်သွယ်ဆက်ဆံရေး ခိုင်မြဲအောင်မြင်လျက်ရှိကြောင်းပြောကြားလိုပါတယ်။

ဒီနေ့ နယ်စပ်ဒေသတွေမှာတော့ တရားမဝင်ဝင်ရောက်နေထိုင်တဲ့ နိုင်ငံခြားသား အမျိုးသား ၁၂၃ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၁၃၅ ဦးကို တရုတ်နိုင်ငံကတာဝန်ရှိသူများထံ လွှဲပြောင်းပေးနိုင်ခဲ့ပါတယ်။ အားလုံး ၁၀၅၁၇ ဦးရှိပြီးဖြစ်ပါတယ်။ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးကို နှစ်နိုင်ငံတာဝန်ရှိသူများအနေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

တိုက်ပွဲဖြစ်စဉ်များအနေနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ လောက်ကိုင်မြို့ကို MNDAA အကြမ်းဖက်သောင်းကျန်းသူများအနေနဲ့ ရှော့တိုက်ဒုံးများနဲ့ ပစ်ခတ်မှုဆောင်ရွက်ခဲ့ပါတယ်။ ကယားပြည်နယ်ဘက်မှာတော့ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးကို လာရောက်ပစ်ခတ်ခဲ့တာရှိပါတယ်။ Drop Bomb နဲ့လာရောက်ချခဲ့တာရှိပါတယ်။ ကရင်ပြည်နယ်ဘက်မှာတော့ ဒီနေ့မှာ ကော့ကရိတ်မြို့ရဲ့နေရာ ရှစ်နေရာကို KNU၊ PDF အကြမ်းဖက်အဖွဲ့တွေက ဝင်ရောက်တိုက်ခိုက်တာရှိပါတယ်။ ဒီနေရာမှာတော့ တိုက်ပွဲတစ်နေကုန်နီးပါးဖြစ်ပွားခဲ့ပါတယ်။ KNU၊ PDF အဖွဲ့က ကျဆုံးထိခိုက်ဒဏ်ရာရရှိမှုများပြားတယ်ဆိုတာသိရပါတယ်။ ကော့ကရိတ်မြို့ရဲ့အခြေအနေကတော့ ခုချိန်မှာ ချောင်းမြောင်းပစ်ခတ်တာ၊ အဝေးမှလက်နက်ကြီးနဲ့ပစ်ခတ်တာမျိုးပဲရှိပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ ထွန်အိုင်စခန်းကို Drop Bomb များနဲ့လာရောက်တိုက်ခိုက်တာရှိပါတယ်။

ဒီနေ့မှာတော့အမျိုးသားဒီမိုကရေစီပါတီသစ်က ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေတဲ့ ဦးသန်းထွန်းကို ရန်ကုန်မြို့မှာ PDF အကြမ်းဖက်အဖွဲ့က ပစ်ခတ်သတ်ဖြတ်ခဲ့တယ်ဆိုတာကို တွေ့ရပါတယ်။ ဒီ အမျိုးသားဒီမိုကရေစီပါတီသစ်ဆိုတာသည် ယခင်ကတည်းကတိုင် တပ်မတော်အစိုးရလက်ထက်ကတည်းက တပ်မတော်နဲ့ အတိုက်အခံ ပြုလုပ်ပြီးတော့ ဒီမိုကရေစီအရေးကို ကြိုးပမ်းတဲ့ အဖွဲ့တစ်ဖွဲ့ဖြစ်ပါတယ်။ သို့သော် ဒီအချိန်မှာ အမြင်မတူတာနဲ့ ငါနဲ့မတူ ငါ့ရန်သူဆိုပြီး သတ်ဖြတ်တဲ့ ပုံစံမျိုးပဲဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာမှာ ဖော်ဆောင်တဲ့ လမ်းကြောင်းတွေ၊ အယူအဆတွေ၊ အတွေးအခေါ်တွေ အမျိုးမျိုးရှိမှာဖြစ်ပါတယ်။ ဒီလိုအချိန်မျိုးမှာမှ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာမှာ ငါယူဆတဲ့ လမ်းကြောင်း၊ ငါလုပ်ကိုင်တဲ့ဟာပဲမှန်တယ်၊ ငါနဲ့ မတူ ငါ့ရန်သူလို့ သဘောထားတာသည် မြန်မာနိုင်ငံရဲ့ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို များစွာ အနှောင့်အယှက်ဖြစ်စေပါတယ်။ ကျွန်တော်ပြောခဲ့သလိုပါပဲ။ မဲမသမာမှုကြောင့် တပ်မတော်ကနေတာဝန်ယူခဲ့ရတယ်။ မဲမသမာမှုကိုလည်းလုပ်ခဲ့တယ်။ တရားဥပဒေအရရင်ဆိုင်ဖြေရှင်းနိုင်ဖို့ပြောခဲ့တယ်။ တရားဥပဒေအရရင်ဆိုင်ဖြေရှင်းခြင်းမရှိဘဲ အကြမ်းဖက်လမ်းစဉ်ကို ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ ဒီ NUG၊ PDF အဖွဲ့တွေအနေနဲ့ နေရာမျိုးစုံ၊ မီဒီယာမျိုးစုံကနေပြီး သူတို့နဲ့ အတွေးအခေါ် မတူတဲ့သူမှန်သမျှကို ဆန့်ကျင်ဖို့၊ သတ်ဖြတ်ဖို့ အမြဲတမ်းလှုံ့ဆော်နေတာတွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံ ပြည်သူလူထုအနေနဲ့ စဉ်းစားကြည့်ပါ။ ဒီလိုမျိုး အတွေးအခေါ်မျိုးရှိတဲ့သူတွေဟာ ကျွန်တော်တို့ ပြည်သူလူထုလိုလားတဲ့ ဒီမိုကရေစီစနစ်၊ ကျွန်တော်တို့ ပြည်သူလူထုလိုလားနေတဲ့ ငြိမ်းချမ်းရေးနဲ့ဖွံ့ဖြိုးတိုးတက်ရေးကို ဒီလက်နက်ကိုင် အကြမ်းဖက်သူတွေက တည်ထောင်ပေးမယ်လို့ ယုံကြည်ပါသလား၊ ယုံကြည်တယ်ဆိုရင် ဒီလောက် မိုက်မဲတဲ့ ယုံကြည်မှုမျိုးတော့ ရှိမှာမဟုတ်ဘူးလို့ပဲ ကျွန်တော်ပြောလိုပါတယ်။ ဒီမိုကရေစီစနစ်ဆိုတာသည် ပြည်သူလူထုရဲ့ဆန္ဒကို အကြမ်းဖက်တဲ့နည်း၊ ခြိမ်းခြောက်တဲ့နည်းမပါဘဲနဲ့ ဖော်ဆောင်ရတဲ့ စနစ်ဖြစ်ပါတယ်။ ပြည်သူလူထုကနေ ရွေးချယ်တဲ့ ကိုယ်စားလှယ်တွေက ဒီမိုကရေစီနည်းလမ်းတကျရှိနေတဲ့ တရားဥပဒေတွေရဲ့ နည်းလမ်းတကျနဲ့ ဖော်ဆောင်ရတာမျိုးဖြစ်ပါတယ်။ ဒါမှသာလျှင်အောင်မြင်မှာ ဖြစ်ပါတယ်။ ဒီလိုမဟုတ်ဘဲနဲ့ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို အားပေးနေတယ်ဆိုရင် မိမိရဲ့စိတ်ထဲမှာ တကယ်ကော ဒီမိုကရေစီလိုချင်တာလားဆိုတဲ့ ဆန်းစစ်မှုမျိုး ဆန်းစစ်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်သူလူထုလိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကိုလျှောက်လှမ်းတဲ့နေရာမှာ နိုင်ငံတော်ဝန်ကြီးချုပ် ပြောခဲ့သလိုပါပဲ။ ကျွန်တော်တို့ တပ်မတော်သည် ပြည်သူလူထုနဲ့တစ်သားတည်းရှိပါတယ်။ တပ်မတော်သည် ပါတီစုံဒီမိုကရေစီစနစ်ကို စတင်ဦးဆောင် ဖော်ဆောင်တဲ့သူဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နဲ့ခိုင်မာစေခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ကျွန်တော်တို့ ရည်မှန်းချက်တွေဖြစ်တဲ့အတိုင်းပဲ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ပြည်ထောင်စုစနစ်ကို အခြေခံတဲ့ ဖက်ဒရယ်စနစ်ကို မလွဲမသွေလျှောက်လှမ်းတည်ထောင်သွားမှာဖြစ်ကြောင်း ပြောကြားပါတယ်။ **အားလုံးကိုကျေးဇူးတင်ပါတယ်။**




**❂ မုန်တိုင်းငယ်မှ**

အနောက်-အနောက်တောင်ဘက် ရေမိုင် ၅၂၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ပူဒူချယ်ရီမြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၃၇၅ မိုင်ခန့်၊ ချင်းနိုင်မြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၃၈၀ ခန့်၊ နီလိုရီမြို့၏ အရှေ့တောင်ဘက် ရေမိုင် ၄၄၅ မိုင်ခန့်နှင့် မာချီလီပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၄၈၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင် အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် ညနေ ၅ နာရီခွဲတွင် မြောက်လတ္တီတွဒ် ၉.၆ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၈၅.၇ ဒီဂရီတွင်ရှိပြီး၊ ဗဟိုချက်လေဖိအား ၁၀၀၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်းခန့် ဖြစ်သည်။

**နောက်(၉၆)နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ မုန်တိုင်းငယ်သည် အနောက်- အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး၊ ဒီဇင်ဘာ ၂ ရက်တွင် အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း၊ ဒီဇင်ဘာ ၃ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်းအားကောင်းလာနိုင်သည်။ ထိုမှတစ်ဆင့် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ ဒီဇင်ဘာ ၄ ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် တောင်ပိုင်းကမ်းခြေနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော တမီးလ်နာဒူးမြောက်ပိုင်းကမ်းခြေတို့အနီးရောက်ရှိနိုင်ပြီးနောက် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေနှင့်အပြိုင် မြောက် ယွန်းယွန်းသို့ ရွေ့လျားကာ ဒီဇင်ဘာ ၅ ရက်တွင် အင်ဒရာပရာဒေ့ရှ်ပြည်နယ်ကို နီလိုရီမြို့နှင့် မာချီလီပတ္တနမ်မြို့တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

**❖ ကျောဖုံးမှ**

ဟံသာဝတီအသင်းသည် ယခုပွဲအရေးနိမ့်ခဲ့သော်လည်း အဆင့် ၄ နေရာမှ အား/ကာသိပ္ပံအသင်းလည်း ရှုံးပွဲကြုံတွေ့ခဲ့သဖြင့် တတိယနေရာရရန် သေချာသွားခဲ့သည်။

တန်းဆင်းဇုန်မှ ရုန်းထွက်နိုင်ရန် အမှတ်လိုနေသည့် ဧရာဝတီအသင်းသည် ပြိုင်ပွဲပြီးခါနီးတွင် ဆက်တိုက်ရုန်းကန်နေပြီး နှစ်ပွဲဆက်အနိုင်ရလဒ်နှင့်အတူ တန်းမဆင်းရရန် သေချာခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆုကို ဧရာဝတီအသင်း ဂိုးသမား ဟိန်းထက်စိုးက ရရှိသည်။ ယခုပွဲအပြီးတွင် ဟံသာဝတီအသင်းက ၃၄ မှတ်၊ ဧရာဝတီအသင်းက ၂၅ မှတ်ရရှိထားသည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက အား/ကာသိပ္ပံအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်အသင်းမှ သာယာဝင်းထက်က ရရှိသည်။ ယခုပွဲအပြီးတွင် ရန်ကုန်အသင်းက ရမှတ် ၅၀၊ အား/ကာသိပ္ပံအသင်းက ၂၆ မှတ်ရရှိထားသည်။

ပွဲစဉ် (၂၁) ဒုတိယနေ့အဖြစ် ဒီဇင်ဘာ ၂ ရက်တွင် သုဝဏ္ဏကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**



# နိုင်ငံအတွင်း၌ မူးခင်းတိုက်ဖျက်ရေးဆောင်ရွက်မည်ဟု အီကွေဒေါသမ္မတပြောကြား

ကီတို ဒီဇင်ဘာ ၁

လွန်ခဲ့သည့် သီတင်းပတ်က ရာထူးတာဝန်စတင်ထမ်းဆောင်သည့် အီကွေဒေါသမ္မတ ဒယ်နီရယ် နိုဘိုအာသည် လက်နက်ကိုင်တပ်ဖွဲ့များ၏ အကြီးအကဲသစ်များထံ ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီး များပြားလာသော ရာဇဝတ်မှုတိုက်ဖျက်ရေးစစ်ပွဲတွင် အစိုးရနှင့် နီးကပ်စွာလုပ်ဆောင်ရန် ၎င်းတို့အား တောင်းဆိုခဲ့သည်။

## ဆောင်ရွက်ခဲ့

"မိမိအစိုးရနဲ့ လက်တွဲလုပ်ဆောင်ဖို့ မေတ္တာရပ်ခံပါတယ်" ဟု နိုဘိုအာက ကျမ်းသစ္စာကျိန်ဆိုပွဲအတွင်း ပြောကြားသည်။ ကြည်းတပ်၊ လေတပ်နှင့် ရေတပ်မှ ဦးစီးချုပ်အသစ်များ ခန့်အပ်တာဝန်ပေးခြင်းကို ယခုသီတင်းပတ်တွင် ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ကာကွယ်ရေးဝန်ကြီး Giancarlo Loffredo ကိုလည်း အပြည့်အဝယုံကြည်ကြောင်း ၎င်းကထပ်လောင်း ပြောကြားသည်။ ရာဇဝတ်မှုတိုက်ဖျက်ရေးအပေါ်တွင် အာရုံစိုက်ရမည်ဟု Looffredo က မှတ်ချက်ပြု ပြောကြားခဲ့သည်။ တောင်အမေရိကနိုင်ငံသည် ခြိမ်းခြောက်ငွေညှစ်မှု၊ လူသတ်မှု၊ ခားပြတိုက်မှုနှင့် အကြမ်းဖက်မှုများ တိုးမြင့်လာခြင်းကို ကြုံတွေ့နေရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

# ဂါဇာကမ်းမြောင်ဒေသ၌ ခုနစ်ရက်ကြာ အပစ်အခတ်ရပ်စဲပြီးနောက် စစ်ဆင်နွှဲမှုများ ပြန်လည်စတင်

ဂျေရုဆလင် ဒီဇင်ဘာ ၁

ဂါဇာကမ်းမြောင်ဒေသ၌ စစ်ဆင်နွှဲမှုများကို ခုနစ်ရက်ကြာ ခေတ္တရပ်နားပြီးနောက် အစ္စရေးတပ်မတော်က တိုက်ခိုက်မှုများ ပြန်လည်စတင်ခဲ့ကြောင်း သိရသည်။

ဟားမတ်စ်အဖွဲ့က ဒီဇင်ဘာ ၁ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီဝန်းကျင်တွင် ယာယီအပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကို ချိုးဖောက်ခဲ့ပြီး အစ္စရေးပိုင်နက်အတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ကြောင်းလည်း အစ္စရေးတပ်မတော်က ကြေညာသည်။

အပစ်အခတ်ရပ်စဲမှု သက်တမ်းမကုန်မီ တစ်နာရီခန့်အလိုတွင် အစ္စရေးတပ်မတော်သည် ဂါဇာကမ်းမြောင်မှ ဟားမတ်စ်အဖွဲ့၏ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကို အောင်မြင်စွာ ကြားဖြတ်ဟန့်တားနိုင်ခဲ့သည်ဟု အဆိုပါကြေညာချက်တွင် ရေးသားထားသည်။

တိုက်ပွဲများ ပြန်လည်စတင်ကြောင်း ကြေညာပြီး မိနစ် ၃၀ ခန့်အကြာတွင် အစ္စရေးလေတပ်မှ တိုက်လေယာဉ်များသည် ဟားမတ်စ်အဖွဲ့၏ ပစ်မှတ်များကို တိုက်ခိုက်နေကြောင်း အစ္စရေးတပ်မတော်က ပြောကြားသည်။

ယာယီအပစ်အခတ်ရပ်စဲမှုအတွင်း ဟားမတ်စ်အဖွဲ့က အစ္စရေးနှင့် နိုင်ငံခြားသား ဓားစာခံ ၁၀၅ ဦးကို လွှတ်ပေးခဲ့သည်။ အစ္စရေးတပ်မတော်က ပါလက်စတိုင်း အကျဉ်းသား ၂၄၀ ကို အပြန်အလှန်အနေဖြင့် လွှတ်ပေးခဲ့သည်။

ကာတာ၊ အီဂျစ်နှင့် အမေရိကန်နိုင်ငံများသည် အပစ်အခတ်ရပ်စဲရေးကာလကို သက်တမ်းတိုးရန် ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ တိုက်ပွဲများ ပြန်လည်စတင်ခြင်းသည် ပါလက်စတိုင်းနယ်မြေအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများကို ပိုမိုဆိုးရွားသွားစေနိုင်သည်။

အပစ်အခတ်ရပ်စဲမှု သက်တမ်းကုန်ပြီးနောက် နှစ်နာရီအကြာတွင် ပြည်သူ ၁၄ ဦး သေဆုံးပြီး ဒါဇင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဂါဇာကမ်းမြောင်ရှိ ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်



# မြောက်ကိုရီးယားထောက်လှမ်းရေးဂြိုဟ်တု လွှတ်တင်ခြင်းအပေါ် အမေရိကန်နှင့် အပေါင်းပါများက ဝေဖန်ခဲ့



ပြုံယမ်း ဒီဇင်ဘာ ၁

မြောက်ကိုရီးယား ထောက်လှမ်းရေးဂြိုဟ်တုလွှတ်တင်ခြင်းအပေါ် အမေရိကန်နိုင်ငံနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အထိန်းအချုပ်ကင်းမဲ့စွာ ဝေဖန်ခဲ့ခြင်းနှင့် ပတ်သက်၍ မြောက်ကိုရီးယားအလုပ်သမားပါတီ ဗဟိုကော်မတီ အကြီးအကဲ ကင်ယိုဂျောင်က ပြစ်တင်ပြောကြားခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ကုလသမဂ္ဂ ပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များကို တိတိကျကျလိုက်နာဆောင်ရွက်ရန် တာဝန်ရှိသည့်အပြင် ယခုကဲ့သို့ စည်းကမ်းမဲ့ ဝေဖန်ခဲ့ခြင်းသည် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု၏ တရားဝင်အခွင့်အရေးများကို ထိပါးခြင်းဖြစ်ကြောင်းနှင့် အမေရိကန်နှင့် အင်အားကြီးအနောက်နိုင်ငံများ၏ တရားမျှတမှုမရှိသည့် မူဝါဒများကို လက်သင့်မခံကြောင်း ၎င်းက ပြောကြားသည်။ မြောက်ကိုရီးယားနိုင်ငံက ထောက်လှမ်းရေးဂြိုဟ်တု လွှတ်တင်ခြင်းအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အစည်းအဝေးကျင်းပခဲ့ရာတွင် ၎င်းအစည်းအဝေး၌ အမေရိကန်နှင့် နောက်လိုက်နိုင်ငံများက ကျိုးကြောင်း ညီညွတ်မှုမရှိသည့် တောင်းဆိုချက်များကို တောင်းဆိုကာ မြောက်ကိုရီးယားနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ထိပါးခဲ့ကြောင်း ကင်ယိုဂျောင်က ထပ်လောင်းပြောကြားသည်။ မြောက်ကိုရီးယား၏ အာကာသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်လှမ်းရေးဂြိုဟ်တု လွှတ်တင်ခဲ့ရာတွင် ၎င်းဂြိုဟ်တုဖြင့် အမေရိကန်၏ စစ်စခန်းများကို စောင့်ကြည့်ခဲ့ကြောင်း ကုလသမဂ္ဂဆိုင်ရာ အမေရိကန်ကိုယ်စားလှယ် လင်ဒါသောမတ်စ်ဂရင်းဖီး၏ ပြောကြားချက်အပေါ် တုံ့ပြန်သောအားဖြင့် အမေရိကန်နိုင်ငံဘက်မှလည်း ကိုရီးယားကျွန်းဆွယ်တွင် ရေငုပ်သင်္ဘောနှင့် လေယာဉ်တင်သင်္ဘောများကို ထားရှိတပ်စွဲခဲ့ကြောင်း ၎င်းက ဝေဖန်ပြောကြားသည်။ အမေရိကန်၏ ယခုကဲ့သို့ တရားမျှတမှုမရှိသည့် စံနှုန်းများဖြင့် မြောက်ကိုရီးယားနိုင်ငံကို တိုင်းတာသတ်မှတ်ခြင်းနှင့် ကိုရီးယားကျွန်းဆွယ်၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိပါးခြင်းသည် လက်သင့်မခံနိုင်သည့် ဆောင်ရွက်ချက်များဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

မြောက်ကိုရီးယား နိုင်ငံသည် Malligyong-1 ထောက်လှမ်းရေး ဂြိုဟ်တုအား နိုင်ငံ၏အနောက်ဘက်ကမ်းရိုးတန်းရှိ Sohae အာကာသစခန်းမှ ပြီးခဲ့သည့် သီတင်းပတ်တွင် လွှတ်တင်ခဲ့သည်။

ကိုးကား – စပွတ်နစ်
ဘာသာပြန် – စိုးသူရ

# ဂျပန်နိုင်ငံ၌ ဉာဏ်ရည်တုနည်းပညာဖြင့် ငါးရောင်းဝယ်ရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်

တိုကျို ဒီဇင်ဘာ ၁

ဂျပန်နိုင်ငံ နာမီဂါတာမြို့တွင် ဂျပန်ရေခဲငါးဟု လူသိများသော ရှိုရိုအို၏ ရောင်းအားကို မြှင့်တင်ရန် ဉာဏ်ရည်တုနည်းပညာကို အသုံးပြုနေကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ဉာဏ်ရည်တုနည်းပညာအသုံးပြုထားသည့် ကင်မရာဖြင့် ငါးကန်ထဲရှိ အဆိုပါငါးများ၏ အရည်အသွေးကို စမ်းသပ်စစ်ဆေးခဲ့ကြောင်း ၎င်းမြို့၏မြို့တော်ဝန်က ပြောကြားသည်။ မြို့တော်တာဝန်ရှိသူများက အဆိုပါငါးဆိုင်ရာ သတင်းအချက်အလက်များကို စတိုးဆိုင်နှင့် စားသောက်ဆိုင် ၇၀ ခန့်ထံ ပေးပို့ခဲ့သည်။ ဉာဏ်ရည်တုနည်းပညာဖြင့် အကဲဖြတ်ခြင်းဖြင့် ကုန်ပစ္စည်းကို ဆန်းသစ်သည်ဟု ဝယ်သူများက ယုံကြည်ကြကြောင်း မြို့တော်ဝန်က ပြောကြားသည်။

သယ်ယူပို့ဆောင်ရေးတွင် ငါးများကို လတ်ဆတ်နေစေမည့် ဖြန့်ဖြူးရေးနည်းလမ်းသစ်ကိုလည်း လုပ်ဆောင်နေကြောင်း မြို့တော်တာဝန်ရှိသူများက ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – စိုးသူရ

# ကမ္ဘောဒီးယားနိုင်ငံ၌ ပြည်သူ သုံး ဒသမ သုံးသန်းနီးပါး ပလတ်စတစ်ကင်းစင်ရေး သုံးလတာလှုပ်ရှားမှုတွင် ပါဝင်

ဖနောင်ပင် ဒီဇင်ဘာ ၁

ကမ္ဘောဒီးယားနိုင်ငံ၌ ပြည်သူ သုံး ဒသမ သုံးသန်း နီးပါးသည် ပလတ်စတစ်ကင်းစင်ရေး သုံးလတာ လှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြောင်း သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

စက်တင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ "ယနေ့ ပလတ်စတစ်မသုံးပါနဲ့" ဟူသော ဆောင်ပုဒ်ဖြင့် ပလတ်စတစ်ကင်းစင်ရေး လှုပ်ရှားမှုတွင် ကျောင်းပေါင်း ၇၁၂၉ ကျောင်း၊ စက်ရုံ ၁၇၃ ရုံ၊ ရပ်ကွက် ၆၉ ခုနှင့် ဘုရား ၂၈ ဆူတွင် ပြည်သူ ၃၂၉၄၄၅၉ ဦး ပါဝင်ခဲ့ကြောင်း သိရသည်။ လက်ရှိတွင် အဆိုပါလှုပ်ရှားမှုကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ပလတ်စတစ်အိတ်သုံးစွဲမှုကို တိုက်ဖျက်ရန်ရည်ရွယ်၍ လှုံ့ဆော်ခြင်းဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး အန်းဆိုဖာလက်က ပြောသည်။

အဆိုပါလှုပ်ရှားမှုသည် ပလတ်စတစ်ညစ်ညမ်းမှု၏ မူလဇာစ်မြစ်ကို ဖြေရှင်းရန် နိုင်ငံတကာ၏ ကြိုးပမ်းအားထုတ်မှုများကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး အန်းဆိုဖာလက်က ဆက်လက်ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် တစ်ရက်လျှင် ပလတ်စတစ်အိတ် ၅၆




သန်းခန့် ထုတ်လုပ်နေပြီး ပလတ်စတစ်အမှိုက် ၂၇၉ တန်နှင့် ညီမျှကြောင်း သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်

# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၁

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သောပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုအပ်သည့်စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တရုတ်နိုင်ငံသား အမျိုးသား ၁၂၃ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၁၃၅ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် အောက်တိုဘာ ၃၁ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၉၃၃၉ ဦး၊ အမျိုးသမီး ၁၁၇၈ ဦး စုစုပေါင်း ၁၀၅၁၇ ဦးတို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရေစကြိုမြို့နယ် ဆင်မရဲကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ဆင်မရဲ)မှ အထက်တန်းပြ ဆရာမတစ်ဦးအား PDF အမည်ခံ အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်




ဆရာမဒေါ်မာစီအား PDF အကြမ်းဖက်အဖွဲ့က ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခဲ့သည့် နေရာပြပုံ။

**နေပြည်တော် ဒီဇင်ဘာ ၁**

နိုင်ငံတော်အစိုးရမှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG၊ CRPH နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် ရဟန်းသံဃာများ၊ နိုင်ငံ့ဝန်ထမ်းများ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူများ အကြောက်တရားလွှမ်းမိုးစေရန် ၎င်းတို့နှင့် အမြင်အယူအဆမတူသူများအား "သူလျှို၊ သတင်းပေး၊ ဒလန်" ဟု စွပ်စွဲ၍ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများကို ဥပဒေမဲ့ ကျူးလွန်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဆင်မရဲကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း (ဆင်မရဲ)တွင် အထက်တန်းပြ ဆရာမအဖြစ် တာဝန်ထမ်းဆောင်နေသည့် အောင်ပန်းချောင်းကျေးရွာနေ ဒေါ်မာစီသည် ၎င်း၏အစ်မဖြစ်သူ ဒေါ်မာသီနှင့် သမီးဖြစ်သူ မနှင်းမာလာအောင်တို့နှင့်အတူ နေအိမ်၌ရှိနေစဉ် နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက PDF အမည်ခံ အကြမ်းဖက်သမား ၃၀ ခန့် ရောက်ရှိလာပြီး ဆရာမဖြစ်သူ ဒေါ်မာစီအား ကျေးရွာ၏ အရှေ့ဘက်မီတာ ၁၅၀ ခန့်အကွာရှိ စက်လှေဆိပ်သို့ လက်ပြန်ကြိုးတုပ်၍ ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်ခဲ့ကြောင်းနှင့် အကြမ်းဖက်သမားများသည် ကျေးရွာ၏ မြောက်ဘက်သို့ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ အနာဂတ်ကလေးငယ်များကို ပညာသင်ကြားပေးနေသည့် ဆရာမဖြစ်သူအား ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ရေလုပ်ငန်းလုပ်ကိုင်ရန် ပို့ဆောင်၍ လုပ်အားခခေါင်းပုံဖြတ် ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဒီဇင်ဘာ ၁

ရေလုပ်ငန်းလုပ်ကိုင်ရန် ပို့ဆောင်၍ လုပ်အားခ ခေါင်းပုံဖြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ငါးနှစ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ ဒေါ်နီနီဝင်းက ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်နေ ဦး ----၊ ၄၈ နှစ်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်နေ ဦး ---၊ ၄၀ နှစ်၊ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်နေ ဦး ---- ၊ ၅၃ နှစ်နှင့် ပန်းတနော်မြို့နယ်နေ ကို ----၊ ၂၄ နှစ်တို့အား ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ ငါးဖမ်းလုပ်ငန်းတွင် လုပ်ကိုင်ပါက တစ်လလျှင် ငွေကျပ် နှစ်သိန်းရရှိမည်ဟု စည်းရုံးပြောဆို၍ ဧရာကျေးရွာရှိ ရေလုပ်ငန်းရှင် ဦးစောထွန်းနိုင် (ခ)ဦးဘုန်းနိုင်၏ မျှောပိုက်စက်လှေတွင် ရေလုပ်ငန်းလုပ်ကိုင်ရန် ပို့ဆောင်ကာ လုပ်အားခ ငွေကျပ်၁၂သိန်း ခေါင်းပုံဖြတ် ရယူခဲ့သဖြင့် ရွှေပြည်သာမြို့မရဲစခန်း(ပ)၈၆/၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၆/၄၄ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မင်္ဂလာဒုံခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ နိုဝင်ဘာ ၂၉ ရက်တွင် တရားခံ ဒေါ်နီနီဝင်းအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၆ အရ အလုပ်နှင့် ထောင်ဒဏ်ငါးနှစ် ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်၌ စာစီစာကုံး၊ ပန်းချီပြိုင်ပွဲများနှင့်ဟောပြောပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်း၌ ယနေ့နံနက် ၉ နာရီတွင် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြိုအထိမ်းအမှတ်အဖြစ် စာစီစာကုံး၊ပန်းချီ ပြိုင်ပွဲများနှင့်ဟောပြောပွဲ ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဥမ္မာထွေးက အဖွင့်အမှာစကားပြောကြားပြီး ဆရာမဒေါ်အေးအေးဝင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးဒေါ်မိုးမိုးခိုင်တို့က အမျိုးသားရေးအရေးပါမှုနှင့် အမျိုးသားနေ့ဖြစ်ပေါ်လာပုံကို ပြောကြားခဲ့ကြသည်။

ထို့နောက် အမျိုးသားအောင်ပွဲနေ့အကြို သတင်းစကားစာစောင်



များ ဖြန့်ဝေ၍ အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြသည်။ **ဘော်ဂါသွေး**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၁၂-၂၀၂၃ စနေနေ့

**MRTV HD**

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (ပုဗ္ဗဏှသုတ်၊ အဂုလိမာလသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၅ Weekly Sports Info
- ၀၈:၃၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ) (ပထမပိုင်း)
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူငယ်ရေးရာအစီအစဉ်
- ၁၁:၄၀ တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ **'လျှို့ဝှက်လရောင်'** (အပိုင်း-၁၄)
- ၁၃:၃၀ MRTV National News
- ၁၆:၃၅ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ် ဆွေးနွေးပွဲစကားဝိုင်း 'စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်စို့'
- ၁၇:၂၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ) (ဒုတိယပိုင်း)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဆုတောင်းပြည့်ကြယ်တာရာစေတာလာ'** (အပိုင်း-၁၄)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဟာသမြို့တော် (ရယ်စရာစင်တင်ဟာသတစ်ခန်းရပ်) **"လိုတမရ"**
- ၂၁:၄၀ ဟိုးတုန်းကကာကိဆက်ဇာတ်လမ်းများ **" ကကြီးငရဲ 'က' "**

**mitv**

- 07:01 Evergreen Classic: Myat Day Thanar (Pan Ei Phyu
- 07:10 Weekly Review
- 07:26 Mosaic Painting (Precious Stones & Gems)
- 07:43 Myanmar Designer Studio: Hay Thi Aung
- 08:01 News
- 08:27 Daingnak Style
- 08:40 Products of Myanmar - Pictures Decorated With Seashells And Gemstones
- 09:01 Quiz Time (Ep-17)
- 10:01 News
- 10:26 Beasts of Asia (Myanmar)
- 10:47 Pyin Oo Lwin Sweater

**MRTV NRC**

**ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)**
မြန်မာ့မြေမှ စိုက်ပျိုးစီးပွားလုပ်ငန်းများ (ရခိုင့်သဇင်နှင့် ဓနိပင်အကြောင်း)

**ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)**
မိုးနဲ့မြို့ကရေးမှုလက်ရာမပျက်ရှမ်းရိုးရာဆွမ်းအုပ်ကလေးများ

**ဝ (၁၀:၀၀ မှ ၁၂:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၉)

**ကချင် (၁၂:၀၀ မှ ၁၄:၀၀)**
ခြင်းတောင်းရက်လုပ်ခြင်းလက်မှုပညာ

**ကယား (၁၄:၀၀ မှ ၁၆:၀၀)**
မျှော်လင့်ခြင်းဖားစည်

**ပအိုဝ်းကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ဂေါ်ရန်ဂျီကျွန်းသဘာဝအလှ (အပိုင်း-၁)

**အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)**
ချောင်းသာကမ်းခြေသို့အလည်တစ်ခေါက်

**အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)**
ကရင်ဖြူမျိုးနွယ်စုနေထိုင်ရာတောင်တန်းဒေသ

**ချင်း (လိုင်ဇိုး) (၁၉:၀၀ မှ ၂၀:၀၀)**
သဘာဝမြေဩဇာပြုလုပ်နည်း

**ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀)**
ဆောင်းရာသီရဲ့သဘာဝအလှများ

**မွန် (၂၁:၀၀ မှ ၂၃:၀၀)**
မွန်ဘာသာစကားပြောကြရအောင် (အပိုင်း-၁)

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ ရွှေသို့ချီမည်ပန်းတိုင်ဆီ
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၀:၄၅ လူငယ်တို့အတွက်လမ်းပြကြယ်
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၁၅ Bird's Eye View
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို **'တနာတတ်သူတာဝန်ယူ'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ တရားရုံးကဦးဆောင်သည့်စေ့စပ်ပြေငြိမ်းရေးစနစ်
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၂)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၂၀)

**MRTV FARMERS' / HTV Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၀ ကြိုးစားဆောင်ရွက်ပြည်သူ့အတွက် 'သမဝါယမဦးစီးဌာန'
- ၀၆:၃၀ ဆွေးနွေးကြမယ်စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ်
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ A Little Thing Called Love 2010 (နိုင်ငံခြားဇာတ်လမ်း)
- ၂၂:၀၀ Past Lives (နိုင်ငံခြားဇာတ်လမ်း)
- ၂၃:၄၅ 2023 HUGE VEGETABLE HARVEST

**MRTV SPORTS / HTV Sports**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Sports Diary
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၁၅ ပညာပေးဇာတ်လမ်း "အန္တရာယ်အဆိပ်ဆေးလိပ်"

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက ဒံပေါက်ထမင်းဘူးများ ပေးအပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၁

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့် အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင် အလှူရှင်ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ လက်ဝယ် အရောက် လိုက်လံပို့ဆောင်ပေးကြသည်။



စေတနာရှင် ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "ရှေ့တန်းရောက်တပ်မတော်သားအားလုံး တိုက်ပွဲတိုင်းအောင်မြင်ပါစေ၊ ရေလိုအေးပြီး ပန်းလိုမွှေးပါစေ၊ တရားသောစစ် အောင်မြင်ပါစေ" စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သိရသည်။ **သတင်းစဉ်**





# မြောက်ဥက္ကလာပမြို့နယ်ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတွင် ကင်းပုန်းဝပ်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား မိုင်းသုံးလုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ဟု မဟုတ်မမှန် သတင်းအမှားဖြန့်ဝေ

နေပြည်တော် ဒီဇင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းတွင် ကင်းပုန်းဝပ်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား နိုဝင်ဘာ ၃၀ ရက် ည ၇ နာရီတွင် မိုင်းသုံးလုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာ ရန်ကုန်ခေတ်သစ်မှ မဟုတ်မမှန် သတင်းတု သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ်ရှိ အုပ်ချုပ်ရေးတာဝန်ရှိသူများထံ ဆက်သွယ်မေးမြန်းရာ အဆိုပါကျောင်းတွင် မိုင်းပေါက်ကွဲမှုမရှိကြောင်း၊ တပ်မတော်မှ ဝင်ရောက်တပ်စွဲထားသည်မှာလည်း မဟုတ်မမှန်ကြောင်း၊ သတင်းအမှားသာဖြစ်ကြောင်း သိရသည်။

အကြမ်းဖက်အားပေး တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်၍ မဟုတ်မမှန် ကောလာဟလ သတင်းတု သတင်းမှားများကို ဖန်တီးရေးသားဖြန့်ဝေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Phyo Zayar Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ကျီစုအနောက်ရပ်ကွက်နေ ဖြိုးဇေယျာအောင်အား နံနက် ၁ နာရီခွဲတွင်လည်းကောင်း၊ "Desoung (Koemi)" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်နေ နှင်းအိနွယ်အား ည ၁၁ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရွှေသွေးဂျာနယ် ထွက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂-၁၂-၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ်အတွဲ(၅၅)၊ အမှတ်(၄၈)တွင် သူတစ်ပါးဒုက္ခရောက်နေပါက ကူညီသင့်ပုံနှင့် လိုအပ်သူကို အကူအညီပေးပါက မိမိတွင်လည်း အကူအညီပြန်လည်ရရှိနိုင်ပုံကို တင်ဆက်ထားသည့် "မာန်တက်တဲ့ ညောင်ပင်" မျက်နှာဖုံးကာတွန်း၊ ခုနစ်ထွေအကတွင် ပါဝင်သည့် ဒိုးပတ်အကအကြောင်းကို ဗဟုသုတရဖွယ် တင်ဆက်ထားသည့် "ခုနစ်ထွေအက (ဒိုးပတ်အက)" သုတဆောင်းပါးနှင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ဖြစ်ပေါ်လာပုံနှင့် အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်ကြသည့် ဆောင်ရွက်မှုများအကြောင်းကို ရေးဖွဲ့ထားသည့် ဆရာမချိုဇင်သက်၏ "အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့" သုတဆောင်းပါးကဏ္ဍ၊ ကလေးများအနေဖြင့် ကျောင်းတက်ရာတွင် ပျော်ရွှင်ရပုံနှင့် စာကြိုးစားသင့်ပုံကို အချင်းချင်းပြောဆိုနေကြပုံဖြင့် တင်ဆက်ထားသည့် "ဆူးကလေး-ကျေးလက်တေးသံ" နှစ်မျက်နှာကာတွန်း၊ မိခင်ကိုလုပ်ကိုင်ကျွေးမွေး၍ အသက်ဘေးမှ လွတ်မြောက်ခဲ့ရသော မျောက်လေးအကြောင်းကို ရေးဖွဲ့ထားသည့် "မျောက်လေးနဲ့ပန်းသီး" ပုံပြင်၊ စကားကို ကတ်တီးကတ်ဖဲ့ပြောဆိုတတ်သော အားပုံ့အကြောင်းကို ရေးဖွဲ့ထားသည့် "အားပုံ့" တစ်မျက်နှာကာတွန်း၊ သူတစ်ပါးကို စိတ်ကောင်းစေတနာဖြင့် ကျွေးမွေးပြုစုပါက မိမိတွင်လည်း အစားအသောက်များ မပူပင်ရပုံကို ရေးဖွဲ့ထားသည့် "စေတနာအကျိုးပေး" ဝတ္ထု၊ ရွှေသွေးအထူးထုတ်(၂၀၂၄)တွင် ကလေးတို့လက်ရာ ပန်းချီများ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်သည့် "ရွှေသွေးတို့လက်ရာ ပန်းချီဖိတ်ခေါ်"ကြော်ငြာ၊ မိမိ၏လုံခြုံရေးအတွက် ဖြိုးရဲနှင့် နွေရာသီကျောင်းပိတ်ရက်တွင် ကိုယ်ခံပညာသင်ကြားခဲ့သော သူငယ်ချင်းတို့အပြန်အလှန်ပြောဆိုကြပုံကို တင်ဆက်ထားသည့် "ဖြိုးရဲ-ကိုယ်လုံဖို့" နှစ်မျက်နှာကာတွန်း၊ သူငယ်ချင်းအပေါင်းအသင်းများကို ပေါင်းသင်းရာ၌ လူဆိုးလူကောင်းရွေးချယ်၍ ပေါင်းသင်းသင့်ပုံကို အတုယူဖွယ် တင်ဆက်ထားသည့် "ကံကောင်းနဲ့အောင်ပု" နှစ်မျက်နှာကာတွန်း၊ မိတ်ဟောင်းဆွေဟောင်းနှင့် တွေ့ဆုံသောအခါ အပြန်အလှန်ပြောဆိုပုံ၊ စကားအသုံးအနှုန်းကို ပြောဆိုပုံအမျိုးမျိုးဖြင့် တင်ဆက်ထားသည့် "ရွှေသွေးစကားဝိုင်း" အင်္ဂလိပ်စာကဏ္ဍ၊ ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိနေသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်များ ပြန်လည်ထွက်ခွာ



နေပြည်တော် ဒီဇင်ဘာ ၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ) 44th PLA Navy Escort Task Group (ETG) မှ စစ်ရေယာဉ်များဖြစ်သည့် ဖျက်သင်္ဘော Zi Bo၊ ဖရီးဂိတ် စစ်ရေယာဉ် Jing Zhou နှင့် ထောက်ပံ့ရေးစစ်ရေယာဉ် Qian Dao Hu တို့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးနှင့် စစ်သံရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်း၊ တရုတ်-မြန်မာဗုဒ္ဓဘာသာအသင်းတို့က ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါစစ်ရေယာဉ်များတွင် လိုက်ပါလာခဲ့ကြသည့် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ရေ) မှ အရာရှိ စစ်သည်များသည် နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင်လည်း တပ်မတော်(ရေ)မှ စစ်ရေယာဉ် (ကျန်စစ်သား)ကို လာရောက်လေ့လာခဲ့ကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြပြီး လိုက်လံရှင်းလင်းပြသခဲ့ကြသည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ရေ)မှ စစ်ရေယာဉ်များတွင် လိုက်ပါလာသည့် အရာရှိ စစ်သည်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာလည်ပတ်ခြင်း၊ နှစ်နိုင်ငံချစ်ကြည်ရေး အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခြင်း၊ သန်လျင်တပ်နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (ဆိပ်ကြီး) ၌ စာရေးကိရိယာ လှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်းနှင့် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့်အတူ ဝေဟင်ရန်၊ ရေပြင်ရန်၊ ရေအောက်ရန်ကာကွယ်ရေး လေ့ကျင့်ခန်းများ၊ ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းများ ပူးပေါင်းဆောင်ရွက်ရန်အတွက် လေ့ကျင့်ခန်းဧရိယာသို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

သတင်းစဉ်

## သထုံမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

သထုံ ဒီဇင်ဘာ ၁

မွန်ပြည်နယ် သထုံမြို့နယ်၌ မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက် (ငါးကြီးအင်း) အခြေခံပညာ အလယ်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေး အသိပညာပေးခြင်း၊ စစ်ဆေးကုသပေးခြင်း လုပ်ငန်းများကို ကျန်းမာရေး ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြသည်။

ကျန်းမာရေး အသိပညာပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ သန်းဦးနှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက "လူတိုင်းသက်ရှည် ကျန်းမာဖို့၊ ပြည်သူ့ကျန်းမာရေး မြှင့်တင်စို့" ဆောင်ပုဒ်နှင့်အညီ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများ၊ သွားနှင့် ခံတွင်းကျန်းမာရေးဆိုင်ရာများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများ ဆွေးနွေးဟောပြောပြီး စနစ်မှန်သည့် သွားတိုက်နည်းလက်တွေ့သရုပ်ပြ အသိပညာပေးခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဦးဆောင်သည့် ပြည်သူ့ကျန်းမာရေး ဝန်ထမ်းများက (ငါးကြီးအင်း) အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၄၀ တို့အား အထွေထွေကျန်းမာရေး စစ်ဆေးပြီး လိုအပ်သူတို့အား ကုသပေးခြင်း၊ သွားကျန်းမာရေး၊ မျက်စိကျန်းမာရေး စစ်ဆေးပေးခြင်း၊ သွားရောဂါကုသပေးခြင်း၊ သံဓာတ်အားဆေး တိုက်ကျွေးခြင်းစသည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)



## တိုက်ကြီးမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းဆင်းပွဲ ကျင်းပ



တိုက်ကြီး ဒီဇင်ဘာ ၁

ရန်ကုန် တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်း အမှတ်စဉ် (၁/၂၀၂၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မြို့နယ် မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းသားများအား ပေးအပ်သည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၆ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ အခြေခံလက်နက်မဲ့ စစ်ရေးပြ၊ မီးသတ်ပညာ၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက ရှာဖွေကယ်ဆယ်ရေးနှင့် မီးသတ်တပ်ဖွဲ့၏ ဥပဒေ၊ နည်းဥပဒေဘာသာရပ်များကို သင်တန်းသား ၅၀ တို့အား စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၁၂-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၁၀ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၀ | ၂၅၆၀ | ၂၅၈၅ | ၂၅၇၀ | ၂၅၄၅ | ၂၆၄၅ | ၂၆၆၀ | ၂၅၅၀ | ၂၅၆၀ | ၂၅၉၅ | ၂၆၀၀ | ၂၆၀၀ | ၂၈၃၀ | ၂၉၅၀ |
| 95 Ron | ၂၆၄၀ | ၂၆၉၀ | ၂၆၉၀ | ၂၆၅၀ | ၂၆၉၀ | ၂၇၁၀ | ၂၆၉၅ | ၂၆၇၅ | ၂၇၇၀ | ၂၇၉၀ | ၂၆၈၀ | ၂၆၉၅ | ၂၇၂၅ | ၂၇၂၅ | ၂၇၃၀ | ၂၉၆၀ | ၃၀၅၀ |
| HSD (500 ppm) | ၂၂၁၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၂၆၀ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၂၅၀ | ၂၂၆၀ | ၂၂၉၅ | ၂၂၉၅ | ၂၃၀၀ | ၂၅၃၀ | ၃၂၉၀ |
| HSD (50 ppm) | ၂၃၀၅ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၅ | ၂၃၅၅ | ၂၃၇၅ | ၂၃၇၀ | ၂၃၄၀ | ၂၄၆၀ | ၂၄၅၅ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၂၅ | ၃၃၅၀ |
| HSD (10 ppm) | ၂၃၁၀ | ၂၃၅၅ | ၂၃၅၅ | ၂၃၁၅ | ၂၃၅၅ | ၂၃၈၀ | ၂၃၇၅ | ၂၃၄၀ | ၂၄၆၀ | ၂၄၅၅ | ၂၃၅၀ | ၂၃၆၀ | ၂၃၉၅ | ၂၃၉၅ | ၂၃၉၅ | ၂၆၂၅ | ၃၃၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၉၄ | ၂၄၇၅ |
| 95 Ron | ၂၅၁၈ | ၂၆၀၂ |
| HSD (500 ppm) | ၂၁၀၂ | ၂၁၇၃ |
| HSD (50 ppm) | ၂၁၉၃ | ၂၂၆၇ |
| HSD (10 ppm) | ၂၁၉၆ | ၂၂၇၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



## ချောင်းဆုံမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ

ချောင်းဆုံ ဒီဇင်ဘာ ၁

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနက ဦးဆောင်၍ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးဌာနရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းက သင်တန်းဆင်း အမှာစကားပြောကြားကာ တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါ လေ့ကျင့်ရေး မွမ်းမံသင်တန်းကို မြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ တက်ရောက်ခဲ့ပြီး လေ့ကျင့်ရေး သင်တန်းကာလကို နိုဝင်ဘာ ၆ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ လေးပတ်ကြာ သင်တန်းဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

မုံရွာ ဒီဇင်ဘာ ၁

၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုလှုပ်ရှားမှု အထိမ်းအမှတ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။



**ကြိုးစားယှဉ်ပြိုင်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က မိမိဌာနဂုဏ်၊ တိုင်းဒေသကြီး၏ဂုဏ်၊ နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားယှဉ်ပြိုင် ကစားသွားကြရန် တိုက်တွန်းပြောကြားကာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုလှုပ်ရှားမှုအထိမ်းအမှတ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲကြီးအား ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကာ ပြိုင်ပွဲဝင်အားကစားသမားများက စစ်ကြောင်းပုံဖြင့် ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြပြီး မုံရွာမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(အလုံ)မှ ကျောင်းသား ကျောင်းသူများက ဘင်ခရာ၊ ပန်းဖွားနှင့် Fitness Dance တို့ဖြင့် တီးခတ်ကပြဖျော်ဖြေကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဖွင့်ပွဲစဉ် ဘောလုံးပြိုင်ပွဲအဖြစ် စီးပွား/တိုင်းရင်းသား/ဥပဒေအသင်းနှင့် သယံဇာတရေးရာအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုလှုပ်ရှားမှုအထိမ်းအမှတ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲကြီးကို ဒီဇင်ဘာ ၁ ရက်မှ ၂၇ ရက်အထိ မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ အားကစား ရှစ်နည်းဖြင့် ယှဉ်ပြိုင်ကျင်းပသွားမည်ဖြစ်ပြီး ဝန်ကြီးဌာန ၁၀ ခုမှ ပြိုင်ပွဲဝင်အားကစားသမား ၇၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## လူငယ်ရေးရာ

### အထက(တာချီလိတ်)၌ လူငယ်စကားဝိုင်းကျင်းပ

တာချီလိတ် ဒီဇင်ဘာ ၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း(တာချီလိတ်)ခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ အထက (တာချီလိတ်) ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းလှက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးက လူငယ်များဗလငါးတန်ဖွံ့ဖြိုးရေးနှင့် လူငယ်စကားဝိုင်းကျင်းပသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခိုင်ခိုင်လင်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ **“လူငယ်နှင့်ကျန်းမာရေး”**၊ **“လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး”**၊ **“လူငယ်နှင့်ပညာရေး”**၊ **“လူငယ်နှင့် စာဖတ်ခြင်း”**၊ **“လူငယ်နှင့်အောင်မြင်ရေး”**စသည့် ခေါင်းစဉ်များဖြင့် ကျောင်းသားကျောင်းသူများက ဆွေးနွေးကြသည်။



ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် လူငယ်အသိပညာပေး နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

### ဒေးဒရဲမြို့၌ လူငယ်များဗလငါးတန်ဖွံ့ဖြိုးစေရေး လူငယ်စကားဝိုင်း ကျင်းပ

ဒေးဒရဲ ဒီဇင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှိ ပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကျင်းပရာ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က ဦးဆောင်ဆွေးနွေးခဲ့ပြီး လူငယ်နှင့် စာပေ၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် ကိုယ်ကျင့်တရား၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် ရည်မှန်းချက် စသည့် ခေါင်းစဉ်တို့ဖြင့် ကျောင်းသား ကျောင်းသူများက ဆွေးနွေးကြသည်။ ထို့နောက် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးအောင်ကျော်ထူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲအပြီးတွင် တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်စာစောင်များကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**သပြေထွန်း**



### သထုံမြို့၌ လူငယ်စကားဝိုင်းကျင်းပ

သထုံ ဒီဇင်ဘာ ၁

မွန်ပြည်နယ် သထုံမြို့နယ်၌ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသားကျောင်းသူများ အသိပညာဗဟုသုတမြင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက သထုံမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ဥဏ်ဝေယံခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက လူငယ်စကားဝိုင်းပြုလုပ်ပေးရသည့် ရည်ရွယ်ချက်နှင့် ကျောင်းသား ကျောင်းသူများ အနေဖြင့် ကျောင်းစာပညာရပ်များသာမက ပြင်ပစာအုပ်၊ စာပေတို့ကို လေ့လာခြင်းဖြင့် အသိပညာများ ဖွံ့ဖြိုးပြီး နိုင်ငံ့သားကောင်း လူငယ်များဖြစ်လာရေး ဆွေးနွေးအမှာစကားပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းကိုကျင်းပရာ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ Grade-11 ကျောင်းသူတစ်ဦးက အစီအစဉ်တင်ဆက်သူ အဖြစ်ဆောင်ရွက်ပြီး Grade-10 နှင့် Grade-9 ကျောင်းသားကျောင်းသူလေးဦးတို့က လူငယ်နှင့်ကိုယ်ကျင့်တရား၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် လူမှုဆက်ဆံရေး၊ ပလတ်စတစ် ညစ်ညမ်းမှုကြောင့် ဇီဝမျိုးစုံမျိုးကွဲနှင့် အဏ္ဏဝါဂေဟစနစ်ထိခိုက်မှု၊ လူငယ်နှင့်ပရဟိတ ခေါင်းစဉ်တို့ဖြင့် ၎င်းတို့ဖတ်ရှုလေ့လာထားသည့် စာရေးသူ၏ ဆိုလိုရင်းနှင့် ၎င်းတို့၏ အတွေ့အကြုံများ၊ အတွေးအခေါ်များကို ကျယ်ကျယ်ပြန့်ပြန့် မျှဝေဆွေးနွေးကြရာ အစီအစဉ်တင်ဆက်သူက ပြန်လည်ဖြည့်စွက် ဆွေးနွေးပေးသည်။

ထို့နောက် သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ လူငယ်စကားဝိုင်း ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာ မှတ်သားကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

### ပင်လောင်းမြို့၌ အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြော

ပင်လောင်း ဒီဇင်ဘာ ၁

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဟောပြောပွဲတွင် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးဌေးစီက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းလင်းက (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များနှင့် အမျိုးသားရေးစိတ်ဓာတ်နိုးကြားထက်သန်ရေး ဟောပြောသည်။

ဆက်လက်၍ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများက (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ငါးအုပ် သို့မဟုတ် ငါးစောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခ လွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့် စာအုပ်စာရင်း နှစ်အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ နှစ်အုပ်နှင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ တစ်အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ငါးအုပ် သို့မဟုတ် ငါးစောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ(၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | ကြုံခဲ့ဖူးသော မြင်အပ်မမြင်အပ်များအကြောင်း | မင်းမော် | ဦးအာကာကျော်<br>လမ်းပြကြယ်စာပေ |
| ၂။ | သူများတွေလဲရပါစေ | အေးမွန် | ဦးမင်းထက်ဟန်<br>တောင်ဇလပ်နီစာပေ |
| ၃။ | အစွန်းထင်းမဲ့နှလုံးသား(ခံစားမှုစာစုများ) | ရိပ်ငြိမ် | ဦးမင်းထက်ဟန်<br>တောင်ဇလပ်နီစာပေ |
| ၄။ | ပိုက်ဆံရှာပါ | လောကသစ္စာ | ဦးခင်မောင်ကြည်<br>လောကသစ္စာစာပေ |
| ၅။ | အောင်မြင်မှုအတွေ့အကြုံများ(တတိယအကြိမ်) | ကျော်ကျော်လှိုင် | ဦးကျော်ကျော်လှိုင်<br>Smart စာပေ |
| ၆။ | ရွက်ဖျင်တဲအခိုးခံလိုက်ရပြီ ရသစာတမ်းစုစည်းမှု | နိုင်မြင့် | ဦးသိန်းလွင်<br>လင်းလွန်းခင်စာပေ |
| ၇။ | စုံထောက်ကလေးသုံးယောက်နှင့် ကလေးဝတ္ထုတိုများ | နိုင်မြင့် | ဦးသိန်းလွင်<br>လင်းလွန်းခင်စာပေ |

**ပြန်ကြားရေးဝန်ကြီးဌာန**



# ပဲခူးမြို့၌ ၂၀၂၃ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ပဲခူး ဒီဇင်ဘာ ၁**

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့မွန်းလွဲပိုင်းက ၂၀၂၃ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့(World AIDS Day) အထိမ်းအမှတ် အခမ်းအနား ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ယခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် “AIDS ကင်းဝေးရေး ပြည်သူလူထုဦးဆောင်ပေး”ဆိုသည့်အတိုင်း HIV ပိုးရှိ ရှင်သန်သူများနှင့် ဦးတည်အုပ်စုဝင်များ၏ အရည်အသွေးပိုမိုပြည့်ဝလာပြီး ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ပါက AIDS ရောဂါကို ပြည်သူ့ကျန်းမာရေးအန္တရာယ်အဖြစ်မှ အဆုံးသတ်နိုင်မည်ဖြစ်ကြောင်း၊ အိပ်ချ်အိုင်ဗွီပိုးရှိသူများအတွက် ပြုစုကုသရေးလုပ်ငန်း၏ အဓိကဖြစ်သော အေအာရ်တီဆေးပေးဝေမှုကို ပဲခူးတိုင်းဒေသကြီးအတွင်း ART facilities ပေါင်း ၂၆ ခုဖြင့် တိုင်းဒေသကြီးအဆင့် ဆေးရုံကြီးများ၊ ခရိုင်အဆင့် ဆေးရုံကြီးများ၊ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့များနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် ကုသပေးလျက်ရှိပြီး အေအာရ်တီဆင့်ပွားကုသရေးဌာနတစ်ခုကို ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုဆုတံဆိပ်များကို လည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းဦးက ဉာဏ်စမ်းအမေးအဖြေပြိုင်ပွဲတွင် ဆုရရှိသည့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှ သင်တန်းသူလေးများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုဆုတံဆိပ်များကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် HIV/AIDS ရောဂါ ကာကွယ်ရေးသုံး ကျန်းမာရေးပစ္စည်းများ၊ ကုသရေးသုံး ဆေးဝါးများနှင့် အသိပညာပေးစာစောင်များကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၁**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# INDO AGRI–FOOD FEED ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁**

အိန္ဒိယနိုင်ငံ CHENNAI မြို့၌ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပမည့် MEGA AGRI–FOOD TRADE SHOW OF INDIA အကြောင်း ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို နိုဝင်ဘာ ၃၀ ရက်တွင် ရန်ကုန်မြို့ရှိ Chatrium Hotel ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. SHRI VINAY KUMAR JI၊ ကုန်သည်/စက်မှုအသင်းချုပ်မှ တွဲဖက်အထွေထွေအတွင်းရေးမှူးများဖြစ်ကြသော ဦးကျော်ဒေဝ၊ ဦးရဲမြင့်မောင်၊ ဦးအောင်ဇေယျာလွင်နှင့် ဦးဇော်မင်းသန့်၊ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာမျိုးသန့်၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ ဦးထွန်းလွင်၊ အိန္ဒိယ-မြန်မာ ကုန်သည်များအသင်း ဥက္ကဋ္ဌ MR. NARESH KUMAR၊ Overseas Agro Traders Association ဥက္ကဋ္ဌ MR. SHYAM NARSARIYA နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံမှ မတ်ပဲ၊ ဆန်နှင့် လယ်ယာထွက်ကုန်ပစ္စည်းအများအပြား ဝယ်ယူလျက်ရှိကြောင်း၊ ၎င်းတို့နိုင်ငံတွင် လူဦးရေ တိုးတက်လာသည်နှင့်အမျှ မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်ပစ္စည်းများကို နှစ်စဉ်တိုး၍ ဝယ်ယူမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း စိုက်ပျိုးရန်ကျန်ရှိနေသေးသည့် မြေများတွင် တိုးချဲ့စိုက်ပျိုးစေလိုကြောင်း၊ CHENNAI မြို့၌ ကျင်းပမည့် MEGA AGRI–FOOD TRADE SHOW သို့ မြန်မာနိုင်ငံမှ ပစ္စည်းတင်သွင်းသူများ တက်ရောက်ခြင်းဖြင့် အိန္ဒိယနိုင်ငံရှိ ဝယ်ယူသူများနှင့်အဆက်အသွယ်ကောင်းများရရှိပြီး ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း၊ CHENNAI မြို့သို့လည်း တစ်ပတ်လျှင် နှစ်ကြိမ် တိုက်ရိုက် လေကြောင်းလိုင်း ပြေးဆွဲနေပြီဖြစ်သဖြင့် အခြားမြို့မှ တစ်ဆင့်ခံ၍ လာရန်မလိုသည့်အတွက် ကုန်ကျစရိတ် သက်သာမည်ဖြစ်ကြောင်း၊ ငွေပေးချေမှု ပြုလုပ်ရာတွင် ကျပ် - ရူပီးကိစ္စ အဆင်ပြေတော့မည်ဖြစ်သည်ကို သိရှိရသည်ဟု ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





# ထားဝယ်မြို့၌ ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ကျင်းပ

**ထားဝယ် ဒီဇင်ဘာ ၁**

ဒီဇင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် ကျင်းပမည့် မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃)အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ယမန်နေ့ညနေပိုင်းက ထားဝယ်ပညာရေးဒီဂရီကောလိပ် တိက္ခပညာ့ခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ငွေစံက ကမ္ဘာပေါ်ရှိ လူသားနှင့် သတ္တဝါအားလုံးသည် စိတ်ကျန်းမာရေးအနေဖြင့် အရေးကြီးကြောင်း၊ ဟောပြောပို့ချပေးမည့် စိတ်ရောဂါအထူးကု ဆရာဝန်ကြီးအား ကျေးဇူးတင်ရှိကြောင်းပြောကြားသည်။

ထို့နောက် စိတ်ရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာ ဆုမြတ်ရတနာက လူငယ်နှင့် စိတ်ကျန်းမာရေး ခေါင်းစဉ်ဖြင့် ဟောပြောပြီး ကျောင်းသားကျောင်းသူများနှင့် မေးခွန်းများ အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြသည်။ **ငွေဇင်ယော်(ထားဝယ်)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၁**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာအကောင်အထည်ဖော်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ တတိယအကြိမ်အစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁**

စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာအကောင်အထည်ဖော်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းကော်မတီ၏ တတိယအကြိမ်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။



**ဦးစားပေးပြုစုထား**

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က စိုက်ပျိုးရေးဖွံ့ဖြိုးမှုမဟာဗျူဟာတွင် လုပ်ကွက်ငယ်တောင်သူလယ်သမားများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကထား၍ စားရေရိက္ခာ စိုက်ပျိုးထုတ်လုပ်မှုကွင်းဆက် ဖွံ့ဖြိုးရေးနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုတို့တွင် လုပ်ကွက်ငယ်တောင်သူလယ်သမားများ ပူးပေါင်းဆောင်ရွက်ရေးကို ဦးစားပေးပြုစုထားရာ မိမိတို့နိုင်ငံလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးကြီးကြောင်း၊ ယခုအစည်းအဝေးတွင် အမျိုးသားမြေအသုံးချမှုကောင်စီ အစည်းအဝေးဆုံးဖြတ်ချက်တွင် ပါရှိသည့်အချက်များ၊ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်(၁၇)ရပ်၊ အမျိုးသားမြေအသုံးချမှုကောင်စီ၏ ဦးဆောင်မှုဖြင့် ရေးဆွဲလျက်ရှိသည့် အမျိုးသားမြေဥပဒေမူကြမ်းတို့နှင့် ဆက်စပ်၍ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အကြံပြုကြရန် ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူးက အစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်ရမည့် လုပ်ငန်းအကြောင်းအရာများကို ဖတ်ကြားတင်ပြပြီး လုပ်ငန်းကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးကြသည်။

**ဆောင်ရွက်လျက်ရှိ**

အမျိုးသား မြေအသုံးချမှုကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၃/၂၀၂၁)ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သော စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာအကောင်အထည်ဖော်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီအနေဖြင့် လုပ်ငန်းတာဝန်(၁၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တာဝန်များနှင့်အညီ လယ်ယာမြေ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုအားကောင်းလာစေပြီး လုပ်ကွက်ငယ် တောင်သူလယ်သမားများ၊ မြေယာမဲ့ပြည်သူများ မြေအသုံးချမှုနှင့် လုပ်ပိုင်ခွင့်ခိုင်မာမှုရှိရေးတို့ကို စိုက်ပျိုးရေးမူဝါဒနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာတို့တွင် ပင်မလုပ်ငန်းစဉ်များ ချမှတ်၍ မဟာဗျူဟာကျကျ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်း၏ သင်တန်းထူးချွန်သူများအား လုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲ ကျင်းပ



**သထုံ ဒီဇင်ဘာ ၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သထုံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုများ ဝင်ငွေတိုးရေးစီမံကိန်းအရ ပေါင်မြို့နယ် ကျုံကကျေးရွာနှင့် ဇာကဒွန်းကျေးရွာတို့၌ ဖွင့်လှစ်ခဲ့သည့် သင်တန်းတို့မှ ထူးချွန်သင်တန်းသူများအား လုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပေါင်မြို့နယ် မဂဒူးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးမင်းစိုးက အမှာစကားပြောကြားသည်။

ယင်းနောက် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်အေးက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုများ ဝင်ငွေတိုးရေးစီမံကိန်း လုပ်ငန်းနှင့်စပ်လျဉ်းသည်တို့ကို ရှင်းလင်းပြောကြားကာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ထူးချွန်သင်တန်းသူ ၁၀ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှင့် ညီမျှသည့် လုပ်ငန်းသုံးပစ္စည်းများ ချီးမြှင့်ပေးအပ်ရာ သင်တန်းသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

သထုံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ပြီးခဲ့သည့် စက်တင်ဘာလနှင့် အောက်တိုဘာလတို့၌ ပေါင်မြို့နယ် ကျုံကကျေးရွာတွင် ကျေးလက်နေမိသားစုများ ဝင်ငွေတိုးရေးစီမံကိန်းဖြင့် စက်ချုပ်နည်းပညာသင်တန်းနှင့် ဇာကဒွန်းကျေးရွာတွင် သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းတို့ကို ဖွင့်လှစ်ခဲ့ပြီး အဆိုပါသင်တန်းတို့မှ ထူးချွန်သူများ ရွေးချယ်ကာ လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဟသ်ာတတက္ကသိုလ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဘာသာရပ်အလိုက် အမျိုးသား အမျိုးသမီး အားကစားပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ဟသ်ာတ ဒီဇင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်ရှိ ဟသ်ာတတက္ကသိုလ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဘာသာရပ်များအလိုက် အမျိုးသား အမျိုးသမီး အားကစားပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါကျောင်းအားကစားရုံ၌ ကျင်းပသည်။

**အမှာစကား ပြောကြား**

အခမ်းအနားတွင် ဟသ်ာတတက္ကသိုလ်ရှိ မေဂျာပေါင်းစုံတို့မှ သက်ဆိုင်ရာ အားကစားနည်းများအလိုက် ပြိုင်ပွဲဝင်အားကစားသမားများက စစ်ကြောင်းမှူး ဦးဆောင်၍ ကွင်းအတွင်းနေရာယူခြင်း၊ တက္ကသိုလ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌအား အလေးပြုခြင်းတို့ ဆောင်ရွက်ကြသည်။ ထို့နောက် ဟသ်ာတတက္ကသိုလ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဒုတိယပါမောက္ခချုပ် ဒေါက်တာအေးလွင်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုခဲ့ကြသည်။

ဟသ်ာတတက္ကသိုလ်တွင် ယနေ့စတင်ကျင်းပသော ဘော်လီဘောပြိုင်ပွဲ၌ အမျိုးသား ကိုးသင်း၊ အမျိုးသမီး လေးသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး သတ်မှတ်ရက်များအလိုက် မေဂျာပေါင်းစုံ အားကစားပြိုင်ပွဲများနှင့် တက္ကသိုလ်အဆင့် လူရွေးပွဲများကိုလည်း ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းသားများ နေပြည်တော် MRTV တွင် လေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းသား သင်တန်းသူ ၃၀ ကျော်သည် ယနေ့မွန်းလွဲပိုင်းက နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရုပ်သံထုတ်လွှင့်မှုဆိုင်ရာများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်တို့တွင် လေ့လာကြသည်။



ဦးစွာ လေ့လာရေးအဖွဲ့ဝင်များသည် ပင်မအဆောက်အအုံအတွင်း ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများအား လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှုပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်းဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများ စသည့် စုစုပေါင်းပြခန်း ၄၀ တွင် ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။ ထို့နောက် မှတ်သားဖွယ်ရာ အဖြေလွှာများ၌ သင်တန်းသား သင်တန်းသူများ၏ ဖြည့်စွက်မှုများအား စိစစ်၍ အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

အဆိုပါ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းသား သင်တန်းသူများသည် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း(၁/၂၀၂၃)ကို နိုဝင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ တက်ရောက်ရမည်ဖြစ်ပြီး သက်ဆိုင်ရာ ဒေသအသီးသီးသို့ ပြန်လည်မထွက်ခွာမီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လာရောက်ပြီး ရုပ်သံထုတ်လွှင့်မှုများကို လေ့လာကြခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# ဒီစာအုပ်လေးဟာ သက်ဝင်လှုပ်ရှားလာပြီး မြန်မာပြည်ငြိမ်းချမ်းရေးအတွက် လက်တွေ့တကယ်အကျိုးဖြစ်ထွန်းစေခဲ့မယ်ဆိုရင်တော့ ကျွန်တော့်ဘဝမှာ တန်ဖိုးဖြတ်မရတဲ့ ဝမ်းသာကြည်နူးမှုကို ခံစားရမှာ အမှန်ပါပဲ

သက်နိုင်ဦး(ကျည်ကာ)

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၂ ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ ဆုရရှိသူအား တွေ့ဆုံမေးမြန်းထားသည်ကို ကောက်နုတ်ဖော်ပြလိုက်ပါသည်–

**တွေ့ဆုံမေးမြန်း - လင်းရာမ**
**ဓာတ်ပုံ - ကိုထက်**

**ဘာသာရပ်– နိုင်ငံရေး**
**စာရေးသူ– သက်နိုင်ဦး(ကျည်ကာ)**
**စာအုပ်အမည်– တစ်ကြောင်းတည်းသော မြန်မာနိုင်ငံထွက်ရပ်လမ်းမြေပုံကျမ်း**

“ကျွန်တော်က နိုင်ငံရေးနဲ့စပ်ကျွမ်းကျင်သူ ပညာရှင်တစ်ယောက် မဟုတ်ပါဘူး။ အခြားသော နိုင်ငံသားများနည်းတူ တိုင်းပြည်ကိုငြိမ်းချမ်းစေလိုသူတစ်ယောက်သာဖြစ်ပါတယ်။ ဒီစိတ်ဆန္ဒပြင်းပြမှုကပဲ ဒီစာအုပ်ကို မွေးဖွားပေးလိုက်တာ ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် ဇွန်လကနေ ဩဂုတ်လအတွင်း မိသားစုကျန်းမာရေးကိစ္စနဲ့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ ရှိနေချိန် ဒီစာအုပ်မူကြမ်းကို ရေးသားခဲ့တာပါ။ မြန်မာနိုင်ငံပြန်ရောက်တော့ အကြိမ်ကြိမ်ဖတ်လိုက်၊ ပြင်လိုက်လုပ်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် မတ် ၉ ရက်မှာ ဖတ်တာ၊ ပြင်တာတွေကို အဆုံးသတ်ခဲ့ပါတယ်။



စာရေးဆရာ
သက်နိုင်ဦး(ကျည်ကာ)

ဒီစာအုပ်မှာ တွေးခေါ်သုံးသပ်မှုအပိုင်း၊ တစ်ကြောင်းတည်းသော မြန်မာနိုင်ငံထွက်ရပ်လမ်း၊ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လိုရင်းသုံးသပ်ချက်(အကျဉ်း)နဲ့ အထွေထွေဆိုပြီး အပိုင်းလေးပိုင်း ပါဝင်ပါတယ်။ တကယ်တော့ ကျွန်တော်က စာရေးဆရာတစ်ယောက်မဟုတ်ပါဘူး။ စာဖတ်သူတစ်ယောက်သာ ဖြစ်ပါတယ်။ စာရေးတာကို ဝါသနာပါပေမယ့် စာရေးတဲ့အလုပ်က အလွန်တာဝန်ကြီးပါတယ်။ စာဖတ်ခြင်းကတော့ အပြစ်ကင်းပါတယ်။ ဒါကြောင့် ဒီစာအုပ်က ကျွန်တော့်ရဲ့ တစ်အုပ်တည်းသောစာအုပ် ဖြစ်ပါတယ်။

စာဖတ်သူတစ်ယောက်အနေနဲ့ စာပေဆုရရှိကြတဲ့ စာရေးဆရာကြီး ဆရာမကြီးတွေကို အလွန်လေးစားတန်ဖိုးထား အားကျစိတ်ဖြစ်မိပါတယ်။ သူတို့က နိုင်ငံတော်ရဲ့ တကယ့်မီးအိမ်ရှင်ကြီးတွေပါ။ ကျွန်တော်ကိုယ်တိုင် ဒီဆုကိုရတဲ့အခါမှာတော့ ထွေထွေထူးထူး ဘာမှမခံစားရပါဘူး။ ကျွန်တော့်စာအုပ်ရဲ့ ရည်ရွယ်ချက်၊ ရည်မှန်းချက်က အမျိုးသားစာပေဆုရဖို့အတွက် မဟုတ်ပါဘူး။ မြန်မာပြည်ကြီး စစ်မက်တွေကင်းပြီး ငြိမ်းချမ်းသွားဖို့ ဖြစ်ပါတယ်။ ဒီစာအုပ်လေးဟာ သက်ဝင်လှုပ်ရှားလာပြီး မြန်မာပြည် ငြိမ်းချမ်းရေးအတွက် လက်တွေ့တကယ်အကျိုးဖြစ်ထွန်းစေခဲ့မယ်ဆိုရင်တော့ ကျွန်တော့်ဘဝမှာ တန်ဖိုးဖြတ်မရတဲ့ ဝမ်းသာကြည်နူးမှုကို ခံစားရမှာ အမှန်ပါပဲ။

စာဖတ်ခြင်းဟာ အန္တရာယ်ကင်းတယ်ဆိုပေမယ့် အပြစ်ကင်းအောင် ရေးတတ်ဖို့လိုပါတယ်။ ဒါကို သတိပြုရပါမယ်။ စာပေဖတ်ရှုလေ့လာခြင်းအားဖြင့် တွေးမြင်သုတကြွယ်ဝမှုကို ရရှိစေနိုင်ပါတယ်။ တွေးမြင်သုတကြွယ်ဝခြင်းဟာ လူတစ်ဦးရဲ့ ဘဝခရီးလမ်းမှာကြုံတွေ့ရနိုင်တဲ့ အခက်အခဲ ပြဿနာတွေကို အောင်အောင်မြင်မြင် ကျော်လွှားနိုင်ဖို့ အထောက်အပံ့ကောင်းဖြစ်ပါတယ်။ ဒါကြောင့် စာဖတ်သောလူမျိုးတိုင်း တိုးတက်ကြီးပွား၍ တိုးတက်ကြီးပွားသောလူမျိုးတိုင်းဟာ စာဖတ်ကြတယ်လို့ ဆိုတာဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ ရတနာတွေဖြစ်တဲ့ လူငယ်တွေအားလုံး စာဖတ်တဲ့အလေ့အကျင့်ကောင်းကို မွေးမြူကြဖို့ တိုက်တွန်းလိုပါတယ်။

နိုင်ငံသူ နိုင်ငံသားအားလုံး၊ နိုင်ငံရေးသမားအားလုံး၊ နိုင်ငံရေးအင်အားစုအားလုံး ဒီစာအုပ်လေးကို တိုင်းပြည်ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် လက်တွေ့အသုံးချနိုင်ပါစေလို့ ဆုတောင်းတိုက်တွန်းလိုက်ပါတယ်”ဟု ပြောကြားသည်။

စာရေးဆရာ သက်နိုင်ဦး(ကျည်ကာ)အား အဘ ဦးထွန်းလှိုင်– အမိ ဒေါ်အောင်မြတ်ကြည်တို့က ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းရွာ၌ ၁၉၇၂ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် မွေးဖွားခဲ့ပြီး မွေးချင်း ခုနစ်ယောက်တွင် စတုတ္ထမြောက်ဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်း (ရွှေဂွန်း)မှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ရန်ကုန်စက်မှုတက္ကသိုလ်သို့ (၁၉၉၃–၉၄)ပညာသင်နှစ်တွင် တက်ရောက်ခွင့်ရရှိခဲ့သည်။ ၂၀၀၀ ပြည့်နှစ် အောက်တိုဘာလတွင် မြို့ပြအင်ဂျင်နီယာဘွဲ့ ရရှိခဲ့သည်။

၂၀၀၁ ခုနှစ် နှစ်ဦးပိုင်းမှစ၍ သံလွင်တံတား (မော်လမြိုင်) စီမံကိန်း မုတ္တမဘက်ကမ်းတွင် အင်ဂျင်နီယာအကူနေ့စားအဖြစ် ဝင်ရောက်လုပ်ကိုင်ပြီး ၂၀၀၃ ခုနှစ် ဩဂုတ်လတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၌ အငယ်တန်းအင်ဂျင်နီယာ(၂) မြို့ပြရာထူးဖြင့် အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်ခံခဲ့ရသည်။ လက်ထောက်ညွှန်ကြားရေးမှူး(အင်ဂျင်နီယာမှူး)ရာထူးတာဝန်ထမ်းဆောင်နေစဉ် ဆက်လက်တာဝန်ထမ်းဆောင်ရန် စိတ်ဆန္ဒမရှိတော့ခြင်းကြောင့် ၂၀၁၉ ခုနှစ် မေလတွင် နုတ်ထွက်စာတင်၍ နုတ်ထွက်ခဲ့သည်။ ယခုအခါပြင်ပဆောက်လုပ်ရေးအင်ဂျင်နီယာတစ်ဦးအဖြစ် လုပ်ကိုင်ရင်း ဘားအံမြို့တွင် ဇနီး၊ သားသမီးတို့နှင့်အတူ နေထိုင်လျက်ရှိသည်။ ။

## ကျောက်တံခါးမြို့နယ်၌ ကျောင်းကျန်းမာရေးလှုပ်ရှားမှုအခမ်းအနား ကျင်းပ

**ကျောက်တံခါး ဒီဇင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ အထိမ်းအမှတ်အကြို ကျောင်းကျန်းမာရေးလှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အထက–ကျောက်တံခါး ပတ္တမြားခန်းမ၌ ကျင်းပသည်။

အဆိုပါ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစည်သူစန်းဦးဆောင်၍ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန၊ ကျောင်းကျန်းမာရေးဌာန၊ မြို့နယ်အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များက အထက–ကျောက်တံခါး၊ အထက– တောကျွဲအင်း နှင့် အထက–ရင်းတိုက်ကုန်း ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၀၄၈ ဦးအား ကျန်းမာရေးပညာပေးခြင်း၊ မျက်စိအမြင်အာရုံ စစ်ဆေးပေးခြင်း၊ စနစ်မှန်သွားတိုက်နည်း သရုပ်ပြခြင်းနှင့် သွားကျန်းမာရေး စစ်ဆေးကုသပေးခြင်း၊ ကိုယ်အလေးချိန်၊ အရပ်တိုင်းတာခြင်း၊ စုပေါင်းပြီး စနစ်မှန်လက်ဆေးနည်း သရုပ်ပြခြင်းနှင့် ကျောင်းမုန့်ဈေးဆိုင်များစစ်ဆေးခြင်းစသည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်
နီးမြဲကျေးရွာ ဂျာနယ်
ထွက်ရှိ



၁–၁၂–၂၀၂၃ ရက်နေ့ထုတ် အတွဲ (၂၀)၊ အမှတ် (၂၃) တွင်
- ဂန္ဓမာပန်း စီးပွားဖြစ်စိုက်ပျိုးသူများပြားလာ
- အရည်အသွေးကောင်း ရောင်းတန်းဝင် မြန်မာ့ထောပတ်သီး
- စားသုံးသူလိုအပ်ချက်များပြားသည့် ခရမ်းချဉ်သီး
- ကျောက်စိမ်းငရုတ်သီး ဈေးကောင်းရ၍ တောင်သူများ အကျိုးအမြတ်ရရှိ
- စီးပွားဖြစ် ရေငန်ပုစွန် အသားတိုးမွေးမြူရေးကန်များ တူးဖော်မွေးမြူ
- ဆောင်းတွင်းအချဉ်ဓာတ်စာ ဆီးဖြူသီးစားပါ
- နေ့စဉ် ဆားစားသုံးမှုကို လျှော့စားပါက သွေးဖိအားကို လျှော့ချနိုင်
- အဆုတ်ပွခြင်းကို မပေါ့ဆစေချင် စသည်တို့အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၂၅၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal

## စာပေမြင့်မှ လူမျိုးတင့်မည်

## (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို အသိပညာပေးဟောပြော

**မိုင်းယန်း ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အထက– မိုင်းယန်း တို့ပူးပေါင်း၍ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက မွန်ကဲရပ်ကွက်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ အထက–မိုင်းယန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းရွဲန်မိုင်က အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို အသိပညာပေး ဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေး သုတ၊ ရသ စာအုပ် စာစောင်များကို ခင်းကျင်းပြသ ငှားရမ်းပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ UE–1 တိုးချဲ့ရပ်ကွက်၊ BM(၁)လမ်း၊ အမှတ်(၁၇၈)မြေအကျယ်ပေ (အလျား၄၀xအနံ၆၀) မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးကျော်ဝင်း(AA–061663)အမည်ဖြင့် မှတ်သားထားပြီး လက်ရှိပိုင်ဆိုင်ထားသော ဒေါ်အန်ဂျလင်း [၁၂/ကတတ(နိုင်)၀၀၂၃၄၆]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက်ရောင်းချရန် ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်သင်းသင်းဝါ (LL.B)
အထက်တန်းရှေ့နေ (စဉ်–၅၄၈၂၄)
အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း–၀၉–၂၅၃၄၂၃၂၅၅၊ ၀၉–၇၇၀၀၈၈၃၁၀

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–(၁၂)၊ မြေကွက်အမှတ် –(၄၄၈/ခ)၊ အကျယ်အဝန်း (၂၀ပေ x ၆၀ပေ)ရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်– (၄၄၈/ခ)၊ ရတနာလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သည့် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ငွေရင် [၁၂/ဥကတ(နိုင်)၁၁၈၀၂၆] အမည်ပေါက်ပြီး ယင်းအမည်ပေါက်ကွယ်လွန်၍ အမွေဆက်ခံခွင့်ရှိသောသားသမီးများ ဦးသော်တာ [၁၂/သဃက(နိုင်)၀၇၃၇၅၆] + ၅ တို့ထံမှ ဝယ်ယူထားကြောင်း စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟပြောဆိုဝန်ခံသူ ဦးမျိုးလွင်ကျော် [၁၂/ဥကတ(နိုင်)၀၁၅၁၂၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ –
ဒေါ်အိသီရိကြူ LL.B , M.A (Business Law)
တရားလွှတ်တော်ရှေ့နေ (စဉ်–၉၅၃၃)
အမှတ်(၃၇)၊ အနော်ရထာလမ်း ၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉–၄၃၁၆၃၄၀၅

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

## (၅၇)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီပေါက်စဉ် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ လ (၁) ရက်နေ့

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

*အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

ဃ - ၂၃၄၅၉၈

ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု

ခ - ၄၆၄၄၈၃

ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု

ဆ - ၃၅၆၈၉၆

ကံထူးရှင်(၁)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

ည - ၁၃၀၅၁၈ ည - ၅၄၀၇၁၀
င - ၂၂၂၄၅၂ ဃ - ၈၈၁၈၀၄

ကံထူးရှင်(၄)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

ည - ၁၃၅၀၀၇ ဃ - ၆၀၁၅၉၀
ဆ - ၁၅၇၀၂၃ က - ၇၇၈၄၃၂
ဆ - ၁၈၃၄၀၆ ဆ - ၉၈၁၄၂၉
ဈ - ၂၄၈၀၃၁

ကံထူးရှင်(၇)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

ဆ - ၁၃၀၃၁၃ ဈ - ၆၀၃၁၇၆ ဈ - ၈၆၁၈၄၅
ဃ - ၂၀၇၁၆၆ ဃ - ၇၅၉၅၂၉ ဂ - ၈၆၃၉၄၇
ဇ - ၃၀၃၉၄၄ ည - ၈၁၀၉၆၂ ဇ - ၈၉၄၉၉၆
ဂ - ၄၉၆၄၂၆

ကံထူးရှင်(၁၀)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

ခ - ၁၀၂၈၉၇ ခ - ၄၁၈၅၃၉
ခ - ၁၃၁၄၈၈ င - ၄၇၄၂၈၇
ဇ - ၁၃၇၂၂၂ ဂ - ၅၅၈၆၁၆
င - ၁၅၇၆၀၀ ဇ - ၇၉၀၆၂၄
ဋ - ၂၇၂၃၅၃ ဆ - ၈၁၀၈၈၄
ခ - ၃၈၈၈၅၂ ည - ၈၇၂၀၂၀
က - ၃၉၅၀၀၈ ဂ - ၉၆၁၂၉၂

ကံထူးရှင်(၁၄)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

စ - ၁၂၅၁၀၄ ဈ - ၅၂၀၁၈၈ ည - ၇၈၉၆၄၅
က - ၁၄၇၈၀၀ ဂ - ၅၄၉၃၁၉ က - ၈၈၈၄၉၂
က - ၁၅၄၆၂၄ ဇ - ၆၄၉၃၅၄ ဂ - ၈၉၈၅၇၀
ဇ - ၂၉၃၀၇၅ ဋ - ၇၃၈၇၇၂ ည - ၉၅၂၈၄၆
ဇ - ၃၂၉၃၉၀ ဈ - ၇၃၉၆၉၉ က - ၉၇၃၇၄၂
င - ၅၀၉၉၂၁

ကံထူးရှင်(၁၆)ဦး

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

က - ၂၁၆၉၇၅ ဈ - ၈၁၃၈၀၂
ခ - ၄၃၈၆၆၉ ည - ၈၃၇၄၆၂
ခ - ၅၁၈၃၇၆ င - ၈၅၉၂၈၃
ဈ - ၅၃၁၉၀၅ ဆ - ၈၆၄၉၇၇
ဆ - ၆၀၃၃၁၀ ည - ၈၇၉၄၇၇
ခ - ၆၄၆၁၂၃ ဋ - ၉၁၃၄၇၇
ဃ - ၆၄၇၀၇၇ က - ၉၆၅၁၀၉
င - ၆၇၈၈၈၅ ည - ၉၇၆၃၀၁
စ - ၇၃၆၅၈၁

ကံထူးရှင်(၁၇)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၃)ယူနစ်

င - ၄၄၂၈၄
ဈ - ၈၄၄၂၀
ဆ - ၉၃၄၃၆

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၃)ယူနစ်

ဃ - ၃၇၉၇
ဇ - ၅၀၂၆
ဂ - ၈၄၃၆

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၁၀၄)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၁၃)ယူနစ်

ခ - ၂၁၁ ခ - ၆၁၁ ဃ - ၇၅၅
ခ - ၂၈၃ က - ၆၂၀ ဇ - ၇၅၆
ဇ - ၃၁၇ ဃ - ၆၂၁ ဇ - ၉၀၂
ဆ - ၅၁၈ င - ၇၂၆ က - ၉၁၆
ဆ - ၅၄၂

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၇၈၃၈)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၄)ယူနစ်

င - ၂၂ ဈ - ၂၄ ဋ - ၅၉ ည - ၆၃

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၂၅၄၁၈)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆုများ(၁)ယူနစ်

ဆ - ၆

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၆၃၀၁၉)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

က - ၁၄၀၅၉၀ စ - ၃၆၆၆၃၈ ဈ - ၄၉၆၅၈၈
ဇ - ၁၆၃၂၃၀ ဇ - ၄၀၆၁၉၇

ကံထူးရှင်(၅)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၁)ယူနစ်

ဂ - ၈၃၁၉၈

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၁၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၄)ယူနစ်

ခ - ၁၇၂၆ က - ၃၅၅၉ င - ၆၇၇၈ ဂ - ၈၈၂၃

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၁၃၈)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၁)ယူနစ်

က - ၈၈၄

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၅၉၃)ဦး

၁။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ လ (၁)ရက်နေ့တွင် ကျင်းပသည့် (၅၇)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ( ၉၇၂၂၆ )ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင်( ၉၇၂၂၆ )ဦး ဖြစ်ပါသည်။

၂။ မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးခဲ့ပါသည်။

၃။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၅၈)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဈ) အက္ခရာထိ အက္ခရာ (၉)လုံးဖြစ်ပြီး ၎င်းအနက်မှ ၇၅% ဖြစ်သော ထီလက်မှတ်အုပ်ရေ ( ၅၅၂၂၇၆ )အုပ်ဖြစ်ပါသည်။

၄။ (၅၇)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို( ၄-၁၂-၂၀၂၃ )ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို ( ၁၃-၁၂-၂၀၂၃) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊တရားဝင် ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊(၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စီးပွားရေး ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးနိုင်ရေး အဓိကထားဆောင်ရွက်ရမည့်အချက် (၄) ချက်ဖြစ်သည့် လုပ်ငန်းသစ်များအစပျိုးရာတွင် တွေ့ကြုံရမည့်အခက်အခဲ အတားအဆီးများ လျှော့ချရေး၊ ရင်းနှီးမတည်ငွေစီးဆင်းမှု လွယ်ကူချောမွေ့စေရေး၊ အသိပညာပေးခြင်းနှင့် စွန့်ဦးတီထွင်မှုလုပ်ငန်းများကို အားကောင်းစေခြင်း၊ သတင်းကွန်ရက်ချိတ်ဆက်ခြင်းနှင့် ကျယ်ကျယ်ပြန့်ပြန့် သတင်းအချက်အလက် ဖြန့်ဝေမှုအားကောင်းစေခြင်းဖြင့် နိုင်ငံတကာ ထောက်ပံ့မှုကွင်းဆက် ( International Supply Chain) ထဲသို့ ဝင်ရောက်ခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ မေလ ၂၇ ရက်နေ့တွင် ပြုလုပ်သော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေး အမှတ်စဉ် ( ၁ / ၂၀၂၃ ) တွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတွင်း ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ ပိုမိုမှန်ကန်မြန်ဆန်စေရေးနှင့် ကုန်ဈေးနှုန်းများ တည်ငြိမ်စေရေးအတွက် အဓိကလိုအပ်သောဒီဇယ်ဆီကို ယခင်ထက်ပိုမို၍ အလေးထားပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြည်တွင်းသုံးစွဲရန် စက်သုံးဆီလိုအပ်ချက်အား ပြည်ပမှဝယ်ယူတင်သွင်းရာတွင် နိုင်ငံတော်အနေဖြင့် လိုအပ်သောကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသဖြင့် လက်ရှိ ပြည်တွင်းစက်သုံးဆီရောင်းဈေးနှုန်းများသည် အာဆီယံဒေသတွင်းနိုင်ငံများထက် များစွာလျော့နည်းသက်သာလျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

နိုင်ငံတွင်း ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ ပိုမိုမှန်ကန်မြန်ဆန်စေရေးနှင့် ကုန်ဈေးနှုန်းများတည်ငြိမ်စေရေးအတွက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ တွင်းထွက်တူးဖော်ရေးလုပ်ငန်းများနှင့် ရေလုပ်ငန်းများတွင် အဓိကသုံးစွဲသော ဒီဇယ်ဆီကို လုံလုံလောက်လောက် ဈေးနှုန်းသက်သာစွာဖြင့် သုံးစွဲနိုင်ရန် နိုင်ငံတော်အနေဖြင့် ပိုမိုအလေးထား ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

စက်သုံးဆီဈေးနှုန်းသည် အဓိကအားဖြင့် ကမ္ဘာ့ရေနံဈေးနှုန်း၊ အဓိကဝယ်ယူ တင်သွင်းသည့် စင်ကာပူနိုင်ငံမှထုတ်ပြန်သော MOPS ဈေးနှုန်းနှင့် ပြည်တွင်းနိုင်ငံခြားငွေ လဲလှယ်နှုန်းတို့အပေါ် မူတည်၍ အတက်/အကျ ဖြစ်ပေါ်လေ့ရှိသည်။

သီလဝါဆိပ်ကမ်းဒေသကြီးတွင် ပြည်ပမှစက်သုံးဆီသင်္ဘောများ စဉ်ဆက်မပြတ် ဆိုက်ကပ်လျက်ရှိပြီး သက်ဆိုင်ရာသိုလှောင်ကန်စခန်းများမှတစ်ဆင့် နိုင်ငံတစ်ဝန်းသို့ စက်သုံးဆီများ လိုအပ်သလို ဖြည့်တင်းဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။ သတင်းစဉ်




### မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်

**နေပြည်တော် ဒီဇင်ဘာ ၁**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကော့သောင်းမြို့၏ အနောက်ဘက် ရေမိုင် ၇၆၀ ခန့်၊ ကိုကိုးကျွန်းမြို့၏

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❂

### MNL ပြိုင်ပွဲတွင် ဟံသာဝတီအသင်းကို ရောဝတီအသင်းအနိုင်ယူပြီး ရန်ကုန်အသင်း နိုင်ပွဲဆက်

**ရန်ကုန် ဒီဇင်ဘာ ၁**

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၁) ပထမနေ့ကို ဒီဇင်ဘာ ၁ ရက်က ဆက်လက်ကျင်းပရာ ရောဝတီအသင်းနှင့် ရန်ကုန်အသင်း နိုင်ပွဲဆက်ခဲ့သည်။

**တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ**

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရောဝတီအသင်းက ဟံသာဝတီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရောဝတီအသင်းသည် တတိယနေရာမှ ဟံသာဝတီအသင်းကို အနိုင်ယူပြီး တန်းဆင်းဇုန်မှ ရုန်းထွက်နိုင်ခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၅ သို့ ❖



ရောဝတီယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။


ယနေ့ ဖတ်စရာ

ဂျပန်နိုင်ငံ၌ ဉာဏ်ရည်တုနည်းပညာဖြင့် ငါးရောင်းဝယ်ရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက် စာမျက်နှာ » ၁၃

ရေစကြိုမြို့နယ် ဆင်မရဲကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း (ဆင်မရဲ)မှ အထက်တန်းပြဆရာမတစ်ဦးအား PDF အမည်ခံအကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ် စာမျက်နှာ » ၁၄

ဒီစာအုပ်လေးဟာ သက်ဝင်လှုပ်ရှားလာပြီး မြန်မာပြည်ငြိမ်းချမ်းရေးအတွက် လက်တွေ့တကယ်အကျိုးဖြစ်ထွန်းစေခဲ့မယ်ဆိုရင်တော့ ကျွန်တော့်ဘဝမှာ တန်ဖိုးဖြတ်မရတဲ့ ဝမ်းသာကြည်နူးမှုကို ခံစားရမှာ အမှန်ပါပဲ စာမျက်နှာ » ၂၀